**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာတရား ပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည့် လူထုကြားက မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၅၇)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်၊ တနင်္လာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

စာ - ၅ သို့



## ထန်းတပင်မြို့နယ်တွင် မိုးစပါးကေ ၆၃၀၀၀ ကျော်စိုက်ပျိုးပြီးစီး

ထန်းတပင် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးလျာထားစိုက်ဧက ၈၄၁၃၈ ဧကရှိသည့်အနက် ဧကပေါင်း ၆၃၀၀၀ ကျော်ကို စိုက်ပျိုးပြီးစီးကြောင်း ထန်းတပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ထန်းတပင်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးလျာထားစိုက်ဧက ၈၄၁၃၈ ဧကရှိကာ လက်ရှိအချိန်တွင် ဧကပေါင်း ၆၃၇၉၃ ဧကကို စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧက ထက်ကျော်လွန်အောင် **စာမျက်နှာ ၁၂ ကော်လံ ၁** ■


## အထူးမိုးလေဝသ သတင်း

## ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂၁

ယနေ့ညနေ ၅နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ စက်တင်ဘာလ ၂၆ ရက်အတွင်း **စာမျက်နှာ ၁၂ ကော်လံ ၄** ◆

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၁-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၂-၉-၂၀၂၅ ရက်နေ့မှ ၂၃-၉-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**ဆောင်းပါး** **အဆို၊ အက၊ အရေး၊ အတီး ပန်တျာခရီး** စာ - ၁၃ သို့




# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်)

## ဒေသနှင့်နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်ပိုင်နက်နယ်မြေအတွင်းရှိ တိုင်းဒေသကြီးများ၊ ပြည်နယ်များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်ကအလေးထားဆောင်ရွက်ပေးလျက်ရှိခြင်းနှင့်အတူ ဒေသရှိပြည်သူများကလည်း အားတက်သရောပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒေသများဖွံ့ဖြိုးတိုးတက်မှနိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ ဒေသတိုင်းတွင် စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ထွန်းအောင်မြင်လျက်ရှိမှုနှင့် တစ်ဧကပန်းတိုင်အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်နိုင်မှု၊ ထိုသို့စိုက်ပျိုးရာတွင် ဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးပြီး ဆီဖူလုံမှုရရှိရေးအတွက် ဆီကြိတ်နှင့်ဆီချောစက်ရုံများဆောင်ရွက်လျက်ရှိမှု၊ ဈေးကွက်ဝင်ကုန်ပစ္စည်းများဖြစ်သည့် ရော်ဘာနှင့်ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်မှုများ ရှိနေရမည်ဖြစ်သည်။

ထို့ပြင် စိုက်ပျိုးရေးသာမက မွေးမြူရေးလုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှုနှင့် ပင်လယ်ကမ်းရိုးတန်းရှိသည့်ဒေသများတွင် ငါးသယံဇာတနှင့်ရေထွက်ကုန်ထုတ်လုပ်ရေးစက်ရုံများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ မြို့ပြနှင့်ကျေးလက်ဒေသများအားလုံး လျှပ်စစ်မီးရရှိရေးဆောင်ရွက်နိုင်မှုများ ရှိနေရမည်ဖြစ်သည်။ မိမိတို့ဒေသကိုဖွံ့ဖြိုးတိုးတက်ပြီး နေချင်စဖွယ်သာယာကောင်းမွန်အောင် ဆောင်ရွက်နိုင်ပါက အဆိုပါဒေသများသို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေကြမည်ဖြစ်သည်။ လူတိုင်းသည် မိမိတို့နေထိုင်သည့်ဒေသကို မြတ်နိုးသည့်စိတ်ဖြင့် စီးပွားရေး၊ လူမှုရေးကဏ္ဍများတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အတူမိမိတို့ဒေသ၏ သဘာဝပတ်ဝန်းကျင်သာယာလှပရေးကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကမ်းရိုးတန်းဒေသများတွင် ဒီရေတောပင်များထိန်းသိမ်းထားရှိပြီး တစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများပြုလုပ်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း မြေနိမ့်ကော်ဖီများကို အောင်မြင်စွာစိုက်ပျိုးနိုင်မည့်အရင်းအမြစ်များ ရှိခြင်း၊ ရေငန်ပုစွန်မွေးမြူရေးနှင့်ပတ်သက်၍လည်း ပြည်ပနိုင်ငံများမှဝယ်လိုအားရှိပြီးဈေးကွက်ရှိသည့် လုပ်ငန်းဖြစ်ခြင်းတို့ကြောင့် နိုင်ငံတော်အနေဖြင့်လုပ်ငန်းရှင်များအား လိုအပ်သည်များကူညီဆောင်ရွက်ပေးလျက်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိမြို့များသို့ နိုင်ငံတော်ပိုင်နှင့်ပုဂ္ဂလိကပိုင်လေကြောင်းလိုင်းများမှခရီးသည်ရရှိမှုနှင့် ရာသီဥတုအပေါ်မူတည်၍ လေကြောင်းခရီးစဉ်များပြေးဆွဲပေးလျက်ရှိသည်။ ရေထွက်ကုန်ပစ္စည်းများအား ပြည်ပနိုင်ငံများသို့တိုက်ရိုက်ပြေးဆွဲတင်ပို့နိုင်ရေးအတွက် ကုန်တင်လေယာဉ်ကြီးများဆင်းသက်နိုင်မည့် လေယာဉ်ကွင်းများဖြစ်ပေါ်လာရေးကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ကမ်းရိုးတန်းသွားသင်္ဘောများဖြင့် ကုန်စည်စီးဆင်းမှုနှင့်ခရီးသွားလာမှုများ အဆင်ပြေစေရေးအတွက် ထားဝယ်မြို့ရှိဆိပ်ခံသင်္ဘောတံတားအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ထို့ပြင်သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်၊ ကောလိပ်များနှင့်အခြေခံကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၁၈ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ထားဝယ်မြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားစဉ် **“မိမိတို့၏အိမ်နီးချင်းနိုင်ငံများတွင် ငါး၊ ပုစွန်၊ ကဏန်းနှင့်ရေထွက်ပစ္စည်းအသားလိုအပ်ချက်များစွာရှိနေကြောင်း၊ မိမိတို့အနေဖြင့် ငါးနှင့်ရေထွက်ပစ္စည်းများကို သဘာဝအလျောက်ဖမ်းယူရရှိနိုင်သကဲ့သို့ မွေးမြူရေးလုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်၍ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့်ဈေးကွက်လိုအပ်ချက်ရှိနေသည့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်နှင့်မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့်အစာကိုလည်း ပြည်တွင်း၌လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့်မိမိတို့ရေပိုင်နက်အတွင်း ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလုပ်ငန်းများ တိုးတက်လာစေရေးဆောင်ရွက်သွားရန်လိုပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လိုအပ်သည့်ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

မွေးမြူရေးလုပ်ငန်းများနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှရင်းနှီးမတည်ငွေများ ထုတ်ပေးထားရှိပြီးဖြစ်၍ လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အသား၊ ငါးနှင့်အခြေခံစားကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်ရခြင်းမှာ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်း၊ ဝယ်လိုအားနှင့်ရောင်းလိုအားမမျှခြင်းတို့ကြောင့်ဖြစ်သည့်အပြင် တရားမဝင်ကုန်သွယ်မှုများကြောင့်လည်း ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ဖြစ်ပေါ်စေလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကုန်ဈေးနှုန်းများထိုက်သင့်သည့်ဈေးနှုန်းအတိုင်းဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တရားမဝင်ကုန်စည်စီးဆင်းမှုများမဖြစ်ပေါ်စေရေး တိုက်ဖျက်ဆောင်ရွက်လျက်ရှိသည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းအပြင် နိုင်ငံတော်မှရသင့်ရထိုက်သည့်အခွန်ငွေများသည်လည်း များစွာထိခိုက်နစ်နာရသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပြီး အရည်အသွေးပြည့်မီသည့် ပို့ကုန်ပစ္စည်းများကိုထုတ်လုပ်နိုင်မည်ဆိုပါက ဒေသစီးပွား၊ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက်လည်းများစွာအထောက်အကူဖြစ်စေနိုင်ပေမည်။ တနင်္သာရီတိုင်းဒေသကြီးရှိပြည်သူများအနေဖြင့်လည်း ဒေသတွင်းကုန်ထုတ်လုပ်မှုများတိုးမြှင့်၍ ဒေသနှင့်နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

**၉၇**

**ရက်**

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၃/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅)ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့်မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

## လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ပဲခူး စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စက်တင်ဘာလ ၂၀ ရက်နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း(ရစ်ကံကြီး)၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပသည်။

ရှေးဦးစွာ ကဝမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းဝင်းက လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကဝမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-12 မှ မောင်သုခအောင်က လူငယ်နှင့်ပညာ၏တန်ဖိုးခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade -11 မှ မောင်နိုင်လင်းအောင်က လူငယ်နှင့်အနာဂတ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade -11 မှ မောင်ဇေယျာမောင်က လူငယ်နှင့်ယဉ်ကျေးမှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade -11 မှ မခင်ငြိမ်းချမ်းက လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူလေးများက ဆွေးနွေးမှုများနှင့်ပတ်သက်၍သိလိုသည်များအား မေးမြန်းရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်၊စာစောင်များအား ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုကြကြောင်း သိရသည်။

**အောင်ဖြူလင်း၊ (၄၁၀)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၂-၉-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News
၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၃။ ၁၅:၀၀ Jumping For You
၄။ ၁၆:၄၀ I Music
၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း
၆။ ၂၂:၂၀ Goodnight Listeners

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြိတ်မြို့နယ်၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် စပါးလျာထားဧက ၄၀၀၀၀ ကျော်စိုက်ပျိုးပြီးစီး

မြိတ် စက်တင်ဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် စပါးလျာထားဧက ၄၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုး၏ပြောကြားချက်အရ သိရသည်။

မြိတ်မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကျေးရွာအပါအဝင် ကျေးရွာအုပ်စု ၁၁ အုပ်စုမှ အကျိုးဆောင်တောင်သူ ၁၉၁ ဦးအား စပါးမျိုးကောင်းမျိုးသန့် တင်း ၁၃၀၀ အခမဲ့ဖြန့်ဖြူးပေးခဲ့ပြီး ခေတ်မီမျိုးစေ့သန့်စင်စက်ဖြင့် စပါးမျိုး ၁၅၃၂၆ တင်းကို အခမဲ့သန့်စင်ပေးခဲ့သည့်အပြင် မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်းမှထုတ်လုပ်သည့် ယူရီးယားဓာတ်မြေဩဇာအိတ် ၁၈၀၀ ကိုလည်း သက်သာသည့်ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ခံထားသည့် အထွက်နှုန်းကောင်းမွန်သော စိုက်နည်းစနစ်များဖြစ်သည့် ပျိုးသက်နုကောက်ကွက်ကျဲ၊ ပေါင်ပျိုး၊ ရိုးရိုးပျိုး၊ တိုက်ရိုက်မျိုးစေ့ချကိရိယာသုံးစိုက်နည်းစနစ်များနှင့် အထွက်ကောင်းမျိုးသန့်များအသုံးပြုကာ စိုက်ပျိုးထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် မိုးစပါးတစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးဆွေးနွေးပွဲများနှင့် ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)



# သရက်ချောင်းမြို့နယ်၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော



သရက်ချောင်း စက်တင်ဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၂၀ ရက်တွင် သရက်ချောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် သရက်ချောင်းမြို့နယ် မြို့မရဲစခန်း စခန်းမှူး ဒုတိယရဲမှူးသိန်းထိုက်နှင့် ဒုတိယရဲအုပ်ဋ္ဌေးမောင်တို့က ကျောင်းသား၊ ကျောင်းသူများကို ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရန်၊ ရှောင်ရန် အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း၊ ယာဉ်ဖမ်းဆီးရာတွင် ချမှတ်ထားသောဥပဒေများအကြောင်းနှင့် ယာဉ်အန္တရာယ်ဖြစ်ပေါ်လာပါက အရေးယူနိုင်သည့် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းခလိုက်ရှုက ကျောင်းသား၊ ကျောင်းသူများကို စာအုပ်စာပေဖတ်ရှုခြင်းမှရရှိနိုင်သည့် အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ အသိပညာဗဟုသုတရရှိစေရန် စာအုပ်စာပေများနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို အခမဲ့လာရောက်ဖတ်ရှုပြီး ငှားရမ်းလိုပါက စာကြည့်တိုက်အသင်းဝင်၍ အခမဲ့ ငှားရမ်းနိုင်ကြောင်း သိရသည်။

(၄၁၂)

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့်ကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် ရန်ကင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများနှင့်ကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၁ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဘက်စုံပညာကိုရည်ဒို့လှမ်းချီသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် သင်္ဃန်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်စုစုခင်က ဆုချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက သဘင်သည်မလေးမနှင်းဆီသီချင်းဖြင့်လည်းကောင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက တိုင်းရင်းသားအကဖြင့်လည်းကောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ရုပ်သေးအက၊ နေကာမျက်မှန်လေးသီချင်းနှင့် ဇာတိမာန်သီချင်းတို့ဖြင့်လည်းကောင်း အသီးသီးဖျော်ဖြေခဲ့ကြသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူလေးဦးနှင့် ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ အောင်ချက်အကောင်းဆုံးရရှိခဲ့သော အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် ဂုဏ်ထူးသစ်တို့အား သင်္ဃန်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌကလည်းကောင်း၊ လေးဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူကိုးဦးအား ခရိုင်ပညာရေးမှူး ဒေါ်စုစုခင်ကလည်းကောင်း ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

ထို့နောက် သုံးဘာသာဂုဏ်ထူး၊ နှစ်ဘာသာဂုဏ်ထူး၊ တစ်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင်သင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်မောင်တင်

ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

မဂ္ဂဇင်းထွက်ပြီးသည့်နောက် များမကြာမီ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် သူရိယတိုက်သို့လာ၍ ကျွန်ုပ်နှင့် တစ်စားပွဲတည်းအတူထိုင်လျက်ရှိသော ဆရာလွန်းနှင့် စကားပြောကြ၏။ ဆရာဦးမောင်ကြီးက ဝေဖန်ချက်ကို ဖတ်ခဲ့ရသဖြင့် ဆရာလွန်း၏စာနှံ့ပုံကို ချီးကျူးပြောဆိုလေသည်။ ဆရာလွန်းသည်လည်း (သူတို့အထင်) ထိပ်သီးစာရေးဆရာအချင်းချင်းက ချီးကျူးခြင်းဖြစ်သည်ဆိုကာ အတော်ပီတိဖြစ်ပုံရ၏။ ကျွန်ုပ်သည် ဆရာလွန်း၏လေးချိုးကြီးများကိုလည်းကောင်း၊ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး၏ 'အနုအယဉ် လူ့တစ်ခွင်သူ့ပြင်မရှိ' ဟူသော စာမျိုးကိုလည်းကောင်း၊ ဆရာလွန်း၏ 'အခံ့စား'ရွှန်းခြင်းများနှင့် ဆရာဦးမောင်ကြီး၏ နုယဉ်သောစိတ်ကူးများကိုလည်းကောင်း ချီးကျူးရန် အသင့်ရှိသော်လည်း နက်နဲသောစဉ်းစားလုံးများပါရှိသည့် စာမျိုးဟုတ်သည်မထင်သောကြောင့် အခါခပ်သိမ်း ထိပ်သီးတန်းတွင်ထားဖို့ ကျွန်ုပ်သဘောမတူနိုင်ချေ။ ကဗျာအနေဖြင့် ထိပ်တန်းကျပေမည်။ စကားပြေအနေနှင့် ထိပ်ဆုံးတန်း၌ ထားသင့်သည်မထင်ပါ။ ဤသည်မှာ ကျွန်ုပ်၏ထင်မြင်ချက်မျှသာဖြစ်၍ မှားချင်လည်းမှားနိုင်ပေမည်။

**မြင်ပုံချင်းမတိုက်ဆိုင်**

ဆရာလွန်းနှင့် ဆရာဦးမောင်ကြီးတို့ စကားပြောလျက်ရှိကြစဉ် ကျွန်ုပ်မှာ ပုဂ္ဂိုလ်ကြီးနှစ်ယောက်ကို အကဲခတ်လျက်ရှိရာ စကားအတန်ကလေးပြောကြပြီးနောက် ဆရာလွန်းသည် ကျွန်ုပ်ကို ဆရာဦးမောင်ကြီးနှင့် မိတ်ဆက်ပေး၏။ ဆရာလွန်းက ကျွန်ုပ်သည် ရတနာပုံဝတ္ထုနှင့် ရန်ကြီးအောင်ဝတ္ထုများရေးသည့် 'တက်သစ်စ' စာရေးဆရာလေးတစ်ယောက်ဖြစ်သည်ဟုပြောပြရာ ဦးမောင်ကြီးသည် မဟာဝိဇ္ဇာတန်းအောင်မြင်သူတစ်ယောက်က မက်ထရစ်သမားတစ်ယောက်အား လှည့်ကြည့်လိုက်သည့်မျက်နှာထားမျိုးနှင့်ကြည့်လိုက်၏။ သူ၏ပါးစပ်ကမူ "မြန်မာစာပေနယ်ထဲသို့ ခေတ်ပညာတတ်လေးတစ်ယောက်ဝင်လာခြင်းအတွက် ဝမ်းမြောက်ပါသည်" ဟု ပြောပါသည်။ အမှန်ကိုဝန်ခံရလျှင် ကျွန်ုပ်သည် ဦးမောင်ကြီး၏ အထက်စီးနှင့်ကြည့်ခြင်းမျိုးကို မကြိုက်နိုင်ချေ။ အကြောင်းမူကား ကျွန်ုပ်သည် ဦးမောင်ကြီး၏အချစ်ဝတ္ထုများကို ဖတ်ခဲ့ရဖူး၍ ဇာတ်ကွက်ဇာတ်လမ်းမဟုတ်လှဘဲ လူပျိုလှည့်ခန်းတို့သာများသည်ဟု အောက်မေ့ကာ ဇာတ်ကွက်ပါသောဝတ္ထုမျိုး ရေးပြမည်ဟု ရန်ကြီးအောင်ဝတ္ထုကို ရေးခဲ့သူဖြစ်ပေသောကြောင့်တည်း။ ထို့ပြင် အကြောင်းတစ်ရပ်မှာလည်း ခေတ်ပညာတတ်တစ်ယောက်က မြန်မာလိုသက်သက် ရေးတတ်သူတစ်ယောက်အား (မည်မျှလောက် 'နုယဉ်' သော စာမျိုးရေးတတ်စေကာမူ) အထင်မကြီးခြင်းကလည်း ရှိပေသေးသည်။

**ထင်မြင်ချက်ပြောင်းလာပုံ**

ထို့ပြင်တဝလည်း စာစီသမားဖိုမင် မောင်ဘသက်ဆိုသူက ဆရာဦးမောင်ကြီးအကြောင်းကို ကျွန်ုပ်အား ပြောပြဖူးသည့် အခြင်းအရာတစ်ခုကလည်း စိတ်ထဲတွင် ပေါ်လာလိုက်ချေသေး၏။ မောင်ဘသက်သည် ဆရာဦးမောင်ကြီးနှင့် အတော်လက်ပွန်းတတီးနေလာခဲ့ဖူးသူတစ်ယောက်ဖြစ်၍ ပြောပြဖူးသည်မှာ ဆရာဦးမောင်ကြီးသည် ခင်မြင့်ကြီးဝတ္ထုကို ရေးစဉ်အခါက မိန်းမအကြောင်းရေးတော့မည်ဆိုလျှင် ဆေးပေါ့လိပ်မှိုန်းလျက် သူ့ဇနီး၏ရုပ်လက္ခဏာတို့ကို တစိမ့်စိမ့်ကြည့်ပြီးမှ စာဖွဲ့လေ့ရှိသည်ဟု ဆိုလေသည်။ ဤသို့သောအပြုအမူသည် စာရေးဆရာများပြုနေကျအလုပ်မျိုး ဖြစ်ချင်ဖြစ်ပေမည်။ ကျွန်ုပ်အဖို့မှာ ရဟန်းလူထွက်တစ်ယောက်ဆိုသည့်အတွက် မနှစ်သက်နိုင်အောင်ရှိပါသည်။ ဤအတိုင်းဆိုပါမူ ဆရာဦးမောင်ကြီး၌ ကျွန်ုပ်ကြိုက်ချင်စရာအကွက်နည်းပါးလျက်ရှိလေပြီ။ သို့သော် နောက်ပိုင်း၌ ချီးကျူးစရာအချက်အလက်များတွေ့လာရ၍ တော်ပါသေး၏။ ကျွန်ုပ်သည် လယ်တီဆရာတော်ကြီး၏စာများကိုဖတ်ရှုသောအခါ ဆရာဦးမောင်ကြီး၏ဘာသာပြန်များနှင့်ကြုံရ၍ စကားသုံးနှုန်းထားပုံများကို နှစ်ထောင်းအားရဖြစ်လာပါတော့သည်။ ဤဆရာကြီးကား စာနုကိုသာ ရေးတတ်သည်မဟုတ်၊ စာခံ့များလည်း အရေးကောင်းပါပေသည်ဟု ချီးကျူးမိပါသည်။

> **"မောင်ဘသက်သည် ဆရာဦးမောင်ကြီးနှင့် အတော်လက်ပွန်းတတီးနေလာခဲ့ဖူးသူတစ်ယောက်ဖြစ်၍ ပြောပြဖူးသည်မှာ ဆရာဦးမောင်ကြီးသည် ခင်မြင့်ကြီးဝတ္ထုကိုရေးစဉ်အခါက မိန်းမအကြောင်းရေးတော့မည်ဆိုလျှင် ဆေးပေါ့လိပ်မှိုန်းလျက် သူ့ဇနီး၏ရုပ်လက္ခဏာတို့ကို တစိမ့်စိမ့်ကြည့်ပြီးမှ စာဖွဲ့လေ့ရှိသည်ဟုဆိုလေသည်။ ဤသို့သောအပြုအမူသည် စာရေးဆရာများပြုနေကျအလုပ်မျိုး ဖြစ်ချင်ဖြစ်ပေမည် . . ."**

**ဆရာသင်**

ကျွန်ုပ်သည် မြန်မာ့အလင်းအယ်ဒီတာ ဆရာသင်ကို မန္တလေးမြို့ တိုင်းသတင်းစာတိုက်တွင် ပထမဦးစွာ တွေ့ဖူးပါသည်။ ရန်ကြီးအောင်ဝတ္ထုရေးပြီးနောက် ကျွန်ုပ်သည် စာမူကို သူရိယတိုက်သို့ မပို့သေးမီ မန္တလေးတိုင်းသတင်းစာတိုက်သို့ ပို့စမ်း၏။ မန္တလေးသည် ရန်ကုန်ထက်နီး၍ အဆုံးအဖြတ်ကို မြန်မြန်သိလိုသောကြောင့်ဖြစ်၏။ တိုင်းသတင်းစာတိုက်မန်နေဂျာသည် (ဗိုလ်ကပြားတစ်ယောက်ဖြစ်၍) ကျွန်ုပ်၏စာမူကို 'မြန်မာဆရာ' အဖြစ်နှင့် အလုပ်လုပ်လျက်ရှိသော ဆရာသင်အားပြ၍ ကျွန်ုပ်နှင့် စကားပြောကြရန် လွှတ်လိုက်၏။ ဆရာသင်သည် ကျွန်ုပ်၏စာမူကို ဖတ်ကြည့်ပြီးနောက် ဤအတိုင်း စာအုပ်ရိုက်၍မဖြစ်နိုင်၊ သူပြင်၍ ရေးဖို့လိုသည်ဆို၏။ သူ့ကို ပြင်ရေးခပေးပြီး မန်နေဂျာထံသို့တင်၍ ရောင်းသောနည်းသာရှိသည်ဆို၏။ ကျွန်ုပ်မှာ အလုပ်လက်မဲ့အဖြစ်၌ရှိ၍ ပိုက်ဆံလိုလျက်ရှိသည့်အထဲတွင် သူ့ကို ပြင်ခပေးနှင့်ရဦးမည်ဆိုသောအစီအစဉ်ကို လက်မခံနိုင်သည်နှင့် စာမူကိုပြန်ယူခဲ့ပြီး သူရိယတိုက်သို့ ပို့လိုက်ခြင်းဖြစ်လေသည်။

**မြန်မာ့အလင်းအုပ်စု**

သူရိယတိုက်၌ ကျွန်ုပ်မဂ္ဂဇင်းအယ်ဒီတာဖြစ်လာသောအချိန်တွင် မြန်မာ့အလင်းသတင်းစာတိုက်တွင် အယ်ဒီတာချုပ် ဦးစိန်း၊ အယ်ဒီတာ ဆရာသင်နှင့် စိန်ကလောင် (ထို့နောက်ဗန္ဓုလ) ဦးစိန်တို့ရှိကြ၏။ ဆရာလွန်းသည် မစ္စတာမောင်မှိုင်းအမည်နှင့် လေးချိုးကြီးများရေးရာတွင် ဦးစိန်းအား'အရီးစိမ်း' အမည်နှင့် ရံဖန်ရံခါ ကလိတတ်သည်ဖြစ်၍ ခေတ်သိများ၏အခေါ်အဝေါ်အရ ဦးစိန်းသည် 'အရီးစိမ်း' ဖြစ်လာသည်။ ယခုအခါ ဦးနုအစိုးရလက်ထက်၌ သာသနာရေးဌာနတွင် ညွှန်ကြားရေးဝန်ဖြစ်နေသော ဗန္ဓုလဦးစိန်သည် ထိုစဉ်အခါက ရဟန်းလူထွက်ကလေးဖြစ်၍ ဆံပင်တိုကလေးနှင့် ပွရောင်းရောင်းရှိသေး၏။ ဗန္ဓုလဦးစိန်မှာ သူ့ဦးခေါင်းတွင် ရေးစရာများများရှိပုံမရသော်လည်း မန္တလေးသားတစ်ယောက်ဖြစ်၍ စကားလုံးကြွယ်ဝခြင်းအတွက် အယ်ဒီတာဖြစ်လိုက်သေး၍ ဦးနုလက်ထက်တွင်လည်း ဥပမိရုပ်ကောင်းခြင်းအတွက်ကြောင့် ညွှန်ကြားရေးဝန်ဖြစ်လျက်ရှိသည်။ ဦးနုလက်ထက်၌ ဦးနှောက်များများရှိဖို့မလို၊ လူပုံကောင်းပြီး စကားမတောက်တခေါက်ပြောတတ်လျှင် နေရာကောင်းရနေကြသည်ဖြစ်၍ ဗန္ဓုလဦးစိန်အဖို့ဆိုလျှင် ဤမျှမက ကြီးပွားထိုက်ပါသေးသည်။ ထိုစဉ်က ဒီးဒုတ်ဦးဘချိုသည် ပညာအုပ်အလုပ်နှင့် မြန်မာ့အလင်းသတင်းစာတွင် 'တောက်တဲ့' အမည်နှင့် ဆောင်းပါးများ မှန်မှန်ရေးထည့်လေ့ရှိ၏။ ထိုအချိန်တွင် ကျွန်ုပ်သည် ဆရာသင်နှင့် မတွေ့သော်လည်း အရီးစိမ်း၊ ဗန္ဓုလဦးစိန်၊ တောက်တဲ့ဦးဘချိုတို့နှင့် ရံဖန်ရံခါဆုံမိတတ်ကြလေရာ ကျွန်ုပ်မှာ ဝတ္ထုရှည်သုံးပုဒ်ခန့်ရေးထုတ်ပြီးဖြစ်၍ နာမည်ကလေးအတော်အတန် ထူထောင်မိပြီဖြစ်သောကြောင့် မြန်မာ့အလင်းအုပ်စုသည် (ကျွန်ုပ်၏ဇာတာအတိုင်း) ကျွန်ုပ်ကိုနာလိုကြသည့် လက္ခဏာမရှိချေ။ ကျွန်ုပ်ကဲ့သို့ပင် ခေတ်ပညာတတ်တစ်ယောက်ဖြစ်သည့် ဦးဘချိုကမူ ကျွန်ုပ်အား 'ခိုးချ' သမားတစ်ယောက်အနေဖြင့် အချောင်နာမည်ကြီးနေသည်ဟု ယူဆပုံရသည်။ ဦးစိန်းနှင့် ဦးဘချိုတို့ကတစ်တွဲ၊ ပီမိုးနင်းနှင့် ကျွန်ုပ်ကတစ်တွဲ၊ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အထင်အမြင်သေးထားကြပုံများကို ထုတ်ဖော်၍ရေးရလျှင် စိတ်ဝင်စားဖွယ်ကောင်းမည်ဖြစ်သော်လည်း အကုသိုလ်စိတ်ပွားများဖို့အလိုမရှိသောဤအချိန်တွင် ဤမျှနှင့်ပင် ရပ်လိုက်ပါတော့မည်။

**ဆရာသင်**

ဆရာသင်မှာ မြန်မာပြည်သတင်းစာလောကတွင် မကြုံရဖူးသေးသည့် သေနည်းမျိုးဖြင့် ကွယ်လွန်အနိစ္စရောက်ရသူဖြစ်လေသည်။ ဆရာသင်သည် အရီးစိမ်းနှင့်အတူ မြန်မာ့အလင်းသတင်းစာတိုက်မှ (ထိုစဉ်က ပန်းဆိုးတန်း၌ရှိသည်။) ညကိုးနာရီခန့်တွင် ဆင်းလာကြ၍ ကွမ်းခြံဘူတာအနီးသို့ ရောက်ကြသည်တွင် လူဆိုးငမိုးဆိုသူက ဓားနှင့်ထိုးသတ်သဖြင့် ပွဲချင်းပြီးသေဆုံးရှာသည်။ ငမိုးကိုမူ ချက်ချင်းပင် လက်ပူးလက်ကြပ်မိ၍ ရုံးတင်စစ်ဆေးပြီး တစ်သက်တစ်ကျွန်းပို့ အပြစ်ပေးခံရသည်။

ဆက်လက်ဖော်ပြပါမည်။

---

## ဂန့်ဂေါမြို့၌ စာကြည့်တိုက်ပညာသင်တန်းဆင်းပွဲကျင်းပ

ဂန့်ဂေါ စက်တင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ စာကြည့်တိုက်ပညာ သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာလ ၂၀ ရက်က ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပရာ ဂန့်ဂေါခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်နှင့်အဖွဲ့ဝင်များ၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနန္ဒ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဂန့်ဂေါခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်က စာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ စာကြည့်တိုက်ပညာသင်တန်းကို စက်တင်ဘာလ ၁၅ ရက်မှ ၁၉ ရက်အထိ ငါးရက်ကြာသင်ကြားပို့ချခဲ့ခြင်းဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူများကို တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မျိုးမင်း(ခရိုင်ပြန်/ဆက်)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးကွပ်ကဲမှုအောက်ရှိ အမှတ်(၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူးယာယီဒုတိယရဲမှူးကြီး ပြည့်ဖြိုးအောင် ဦးစီးတပ်ဖွဲ့ဝင် စုစုပေါင်း ၁၆၀ ဦးတို့ဖြင့် စက်တင်ဘာလ ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေကြစဉ်။ ချမ်းမြေ့

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ်(၃ /၂၀၂၅)
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၁) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အပါအဝင်) မဲဆန္ဒနယ်အားလုံး၏ လေးပုံတစ်ပုံတွင် မိမိပါတီက ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်ခြင်း၊"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းဦးဆောင်သော တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ကြိုဆိုနှုတ်ဆက်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းဦးဆောင်သော တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့နှင့် North Sea Fleet ၏ Acting Commander ဖြစ်သူ Rear Admiral Wang Tianlin တို့တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၁**

မြန်မာ့တပ်မတော်(ရေ)နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေတပ်)နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေတပ်)၊ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Cui Yuzhong ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စက်တင်ဘာလ ၁၄ ရက်တွင် ရန်ကုန်မြို့မှထွက်ခွာကာ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ဦးဆောင်သော တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၂၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါခရီးစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သော တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၆ ရက်ညနေပိုင်းတွင်ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေတပ်)ဌာနချုပ်သို့ သွားရောက်ခဲ့ရာ ဒုတိယရေတပ်ဦးစီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး Cui Yuzhong နှင့်အဆင့်မြင့်အရာရှိကြီးများက နွေးထွေးလှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဒုတိယရေတပ်ဦးစီးချုပ်တို့သည် ရေတပ်ဂုဏ်ပြုတပ်ဖွဲ့၏ ကြိုဆိုအလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။ ၎င်းနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး ဌာနချုပ်ခန်းမတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေတပ်)ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် အစည်းအဝေးခန်းမတွင် နှစ်နိုင်ငံ ရေတပ်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ညပိုင်းတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေတပ်)၊ ဒုတိယရေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဆက်လက်၍ စက်တင်ဘာလ ၁၇ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့သည် ချင်းတောင်မြို့ North Sea Fleet ရှိ ဖျက်သင်္ဘော Xining သို့သွားရောက်လေ့လာခဲ့ရာ စစ်ရေယာဉ်မှူးက အလေးပြုကြိုဆိုကာ လိုက်လံရှင်းလင်းပြသခဲ့သည်။ ၎င်းနောက် North Sea Fleet ဌာနချုပ်သို့ သွားရောက်ခဲ့ရာ North Sea Fleet Commander နှင့် အရာရှိကြီးများက တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့အား North Sea Fleet ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုအလေးပြုခဲ့ပြီး North Sea Fleet ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြခဲ့သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၈ ရက်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေတပ်)၏ Navy Submarine Academy သို့ သွားရောက်လေ့လာခဲ့ရာ Navy Submarine Academy ကျောင်းအုပ်ကြီးက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုအလေးပြုခဲ့သည်။ ၎င်းနောက် Academy ၏သမိုင်းကြောင်းနှင့် လေ့ကျင့်သင်ကြားမှုများကို ရှင်းလင်းတင်ပြပြီး ကျောင်းဝင်းအတွင်းရှိ စာကြည့်တိုက်၊ Simulator၊ Trainer များကို လှည့်လည်ကြည့်ရှုခဲ့သည်။ ထို့နောက် ရေတပ်ပြတိုက်သို့သွားရောက်လေ့လာခဲ့သည်။ ထို့ပြင် စက်တင်ဘာလ ၁၉ ရက်တွင်လည်း ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းမြို့ရှိ Shanghai Hudong-Zhonghua သင်္ဘောကျင်းသို့ သွားရောက်လေ့လာခဲ့ရာ သင်္ဘောကျင်းတာဝန်ရှိသူများမှ ရှင်းလင်းတင်ပြခဲ့သည်။

တရုတ်နိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လင်ကွမ်းဘုရားကျောင်း၊ Great Wall အစရှိသည့် အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၂˚c |
| ရန်ကုန် | ၂၅˚c | / | ၃၁˚c |
| မန္တလေး | ၂၄˚c | / | ၃၃˚c |

လျှပ်စစ်မီးကို
ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို
ချွေတာကြပါစို့

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တောင်ကြီးမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

တောင်ကြီး စက်တင်ဘာ ၂၁


ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၀ ရက်က အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာများ၊ ရှမ်းပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များတက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေများနှင့် ရင်းနှီးကျွမ်းဝင်စေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားစေရန် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် စကားရည်လုပြိုင်ပွဲများကို ထည့်သွင်းကျင်းပပေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း Grade – 1 ကျောင်းသား၊ ကျောင်းသူများက ကောက်စိုက်ချိန်၊ ရိုးရာမပျက်တဲ့မြေသီချင်းတို့ဖြင့် သရုပ်ဖော်တင်ဆက်ခဲ့ကြပြီး ပြည်နယ်လူမှုရေးရာဝန်ကြီးက ပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့သည့် စာပေပညာရှင်များနှင့် အကဲဖြတ်ဒိုင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

ကျော်ဇင်(ပြန်/ဆက်)




# ကျောက်ဆည်မြို့နယ်၌ အောင်နိုင်တိုးမိုးစပါးစံပြကွက်တွင် မြေဩဇာစုပေါင်းကြဲပက်

ကျောက်ဆည် စက်တင်ဘာ ၂၁



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် မယ်ဇယ်ပင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၅၉) ဦးပိုင်အမှတ်(၁၂၆/၂) တောင်သူ ဦးစိုးငွေ၏ အောင်နိုင်တိုးမိုးစပါးစံပြကွက်၌ မြေဩဇာစုပေါင်းကြဲပက်ပွဲကို စက်တင်ဘာလ ၂၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငြိမ်းထွေးက စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပန်းတိုင်သီးနှံ ၁၃ မျိုးနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုး၊ မြေ၊ ရေ၊ နည်းပညာများကို တောင်သူများအား အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်းနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို (၃ အချိုး ၁)ရောစပ်၍ အသုံးပြုခြင်းဖြင့် သီးနှံများတွင် အကျိုးကျေးဇူးများစွာရရှိကြောင်းပြောကြားသည်။ ဆက်လက်၍ ခရိုင်သီးနှံတာဝန်ခံ ဒေါ်ရီရီငွေနှင့် မြေအသုံးချရေးတာဝန်ခံ ဒေါ်မို့မို့စိုးတို့က စပါးတွင်ကျရောက်တတ်သည့် ဖျက်ပိုးနှင့်ရောဂါများ၊ ကာကွယ်နည်းများ၊ ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်နည်းများ၊ ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာများ အချိုးညီ စနစ်တကျသုံးစွဲနည်းများကို ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်အောင်က စံပြကွက်စိုက်ပျိုးထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တောင်သူများက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခမ်းအနားသို့တက်ရောက်လာကြသည့် တောင်သူများက မြေဩဇာစုပေါင်းကြဲပက်နေမှုကို ကြည့်ရှုကြသည်။

ကျောက်ဆည်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဧရာမင်း၊ မနောသုခ၊ ဆင်းသုခ၊ အောင်နိုင်တိုး၊ GW-11 နှင့် GW-18 စပါးမျိုးများကို အဓိကစိုက်ပျိုးထားကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# ဇလွန်မြို့နယ်မှ ငါးတန်များဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ဇလွန် စက်တင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် သားငါးဈေးကွက်၌ ငါးတန်များဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူဒေါ်သူအောင်၏ ပြောဆိုချက်အရ သိရသည်။

ဇလွန်မြို့နယ်မှငါးတန်များ စက်တင်ဘာလ ၁ ရက်မှစ၍ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ တစ်ရက်လျှင် ငါးတန်ပိဿာ ၃၅၀၀ မှ ၆၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

''ဇလွန်မြို့နယ်ဘက်ကထွက်တဲ့ ငါးတန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေတာပါ။ ဒေသထွက်ငါးတန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ငါးတန်က အခုချိန်မှာ အရောင်းအဝယ်အကောင်းဆုံးပါ။ အခုလိုအရောင်းအဝယ်ကောင်းလာတော့ ရေလုပ်သားတွေ၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူတွေနဲ့ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်''ဟု ဒေါ်သူအောင်ကပြောသည်။

ဇလွန်မြို့နယ်ရှိ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်ငါးတန်များကိုဝယ်ယူပြီး ရောင်းတမ်းဝင်သည့်အချိန်တွင် ပြန်လည်ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

သုတကျော်

# အောင်လံမြို့နယ် ကျောက်စွယ်ကျိုးကျေးရွာ၌ ကျေးလက်ရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

အောင်လံ စက်တင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိစေရန် အောင်လံမြို့နယ် ကျောက်စွယ်ကျိုးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၂၁ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျောက်စွယ်ကျိုးကျေးရွာ၌ အနက်ပေ ၅၀၀၊ အကျယ် လေးလက်မခွဲရှိ စက်ရေတွင်းတူးဖော်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ကျောက်စွယ်ကျိုးကျေးရွာ၌ အဆိုပါ ကျေးလက်ရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၂၀၁ သိန်း အကုန်ကျခံကာ ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

ကာရံ(ကျေးလက်)

## လဲချားမြို့နယ်၌ အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း(လီမိတက်)မှ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ



လဲချား စက်တင်ဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ စက်တင်ဘာလ ၂၀ ရက်နံနက်ပိုင်းတွင် မြို့နယ်အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမ အသင်း(လီမိတက်)မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနန်းတင့်က အဖွင့်အမှာ စကားပြောကြားပြီး အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းဥက္ကဋ္ဌ ဦးစိုင်းသက် အောင်ဦးက အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက အသင်း၏လုပ်ငန်းဆောင် ရွက်ချက်များရှင်းလင်းဆွေးနွေးပြီး အစိုးရ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အသင်း အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ စာရင်းစစ်အစီ ရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးစာရင်းရှင်း တမ်းတို့ကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အသင်း၏အမှုဆောင်အဖွဲ့ ဟောင်းနုတ်ထွက်ခြင်းနှင့်အသင်းသားများ၏ ရွေးချယ်မှုဖြင့် အမှုဆောင်အသစ် ပြန်လည် ဖွဲ့စည်းခြင်းတို့ကိုဆောင်ရွက်ပြီး အသင်း သားများ၏ ဆန္ဒသဘောထားရယူကာ အမှုဆောင်အသစ်တာဝန်ခွဲဝေခြင်းနှင့် ကတိ သစ္စာခံယူခြင်းတို့ကို ဆောင်ရွက်ကြောင်း သိရသည်။ (၄၁၄)

## ယခုနှစ် ရွှေဘိုမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးစပါးသီးနှံ ၄၀၄၅၇ ဧက စိုက်ပျိုးပြီးစီး

ရွှေဘို စက်တင်ဘာ ၂၁

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို မြို့နယ်၌ မိုးသီးနှံစိုက်ပျိုးချိန်တွင်မိုးစပါးသီးနှံ ၄၀၄၅၇ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုး ချိန်တွင် ရွှေဘိုမြို့နယ်၌ မိုးစပါးသီးနှံ ဧက ၁၀၉၄၀၀ စိုက်ပျိုးရန်အတွက် လျာထား ပြီး အဆိုပါမိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၄၀၄၅၇ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“ဒီနေ့အထိ ဧက ၄၀၀၀၀ ကျော် စိုက်ပျိုး ပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက် ဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုး ရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးမယ်။ တောင်သူတွေအနေ နဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်” ဟု ရွှေဘို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူးကပြောသည်။

စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက် မှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်ပြီး မြေကောင်း မြေသန့်ဖြစ်စေရန် မြေဩဇာကို သဘာဝ နည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေ အပြည့်အဝရရှိရေးနှင့် ရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ တွေ့ကြုံလာသည့် ရာသီဥတုအခြေအနေအပေါ် မူတည်၍ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရန် လိုအပ်ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်၌ မိုးစပါးစိုက်တောင်သူ များအား စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။ (၄၀၉)

## တပ်ကုန်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၁

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်း မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနနှင့် မြို့နယ်စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း(Book Club) အဖွဲ့ဝင်များပူးပေါင်းပြီး မြို့နယ်အတွင်းရှိ စာဖတ်ဝါသနာပါသူများနှင့်အတူ စာပေ ဖတ်ရှုသည့် အလေ့အထကောင်းများရရှိ စေရန်ရည်ရွယ်၍ စက်တင်ဘာလ ၂၀ ရက် မွန်းလွဲပိုင်းတွင် အဆိုပါဦးစီးဌာန လူထု အခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ ကျင်းပ သည်။

အဆိုပါစာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ မြို့နယ်စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း(Book Club) အဖွဲ့ဝင်များက စာပေဝါသနာပါသူများနှင့် အတူ စာရေးဆရာကပ္ပတိန်သာစိန်ရေးသား ထားသည့် ဘဝခရီးသွားလူငယ်များသို့ စာအုပ်တွင်ပါရှိသော လူငယ်သို့အမြင်နှင့် ဘဝမျှော်မှန်းချက် လမ်းကြောင်းရေးဆွဲ နိုင်ပါစေ၊ ဘဝခရီးနှင့်ရာတွင် သဘော်မောင်း ဥပမာ၊ ကိုယ့်ကမ္ဘာ သူ့ကမ္ဘာနှင့်ပတ်ဝန်း ကျင်၊ ပညာရှိပညာမဲ့ခွဲခြားပါ၊ မူးယစ်ဆေးဝါး အန္တရာယ်များရှောင်ရှားနိုင်ပါစေ၊ တစ်ဖက် သားကိုအပြစ်တင်ခြင်းမပြုပါနှင့် စသည့် ခေါင်းစဉ်များ အပြန်အလှန်ဆွေးနွေးကြ သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တပ်ကုန်းမြို့နယ်ရုံးအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတများရရှိ စေရန်အတွက် စဉ်ဆက်မပြတ်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။ (၄၁၃)



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အသက် ၅၀ ကျော်လျှင် သတိပြုရမည့် လေဖြတ်ရောဂါ

ကြည်လွင်မြင့်(မုဒြာ)

လေဖြတ်ရောဂါဝေဒနာ မမျှော်လင့်ဘဲ ခံစားရသူများကို လေ့လာကြည့်သောအခါ အသက် ၅၀ ကျော်သူများ အဖြစ်များသည်ကို တွေ့ရသည်။ ထို့ထက်ပို၍ တိတိကျကျပြောရလျှင် အသက် ၅၀ ကျော်ပြီး မိမိတွင် သွေးတိုးရောဂါရှိနေသည်ကို မသိသူ၊ သတိမမူမိသူများဖြစ်သည်ကို တွေ့ရသည်။

စာရေးသူ၏မိတ်ဆွေတစ်ဦးမှာ ကျန်းမာရေးလိုက်စားသူတစ်ဦးဖြစ်ပြီး စနေနှင့် တနင်္ဂနွေနေ့တိုင်း ဂေါက်ရိုက်လေ့ရှိသည်။ တစ်ခါတစ်ရံ နယ်အဝေးမြို့များသို့ ခရီးထွက်လေ့ရှိသည်။

အသက် ၅၀ ပြည့်ပြီးနောက် ရက်ပိုင်းမှာပင် တစ်နေ့သောနံနက်ခင်း ဂေါက်ကွင်းမှ ပြန်လာပြီးနောက် ရေချိုးရန်ပြင်ဆင်နေရင်း ရုတ်တရက်ခေါင်းမူးသည်ဆိုကာ လဲကျသွားတော့သည်။ ထိုသို့လဲကျပြီးနောက် ခဏအကြာမှာပင် သူ့ကို ဆေးရုံပို့ကြသည်။ သူ့မိတ်ဆွေ အထူးကုဆရာဝန်ကြီးတစ်ဦးကိုယ်တိုင် ဆေးရုံတွင်စောင့်ပြီး ကြပ်မတ်ကုသပေးသည်။ သူ့ခန္ဓာကိုယ်ညာဘက်တစ်ခြမ်းလုံး မလှုပ်နိုင်သည့်အပြင် စကားပီပီသသမပြောနိုင်တော့ပေ။ လေဖြတ်သွားသည်ဟု သိရသည်။ ဆေးစစ်ခြင်း၊ သွေးစစ်ခြင်း၊ ဦးနှောက်သံလိုက်ဓာတ်မှန်ရိုက်ခြင်းများ ပြုလုပ်သောအခါမှ သူ့တွင် သွေးတိုးရောဂါရှိနေသည်။ ထို့ပြင် မျှော်လင့်မထားဘဲ ဆီးချိုများစွာတက်နေသည်ကို တွေ့ရသည်။

လေဖြတ်သည်အထိ ဖြစ်ရခြင်းမှာ သွေးတိုးခြင်းကြောင့် ဖြစ်နိုင်သည့်အပြင် မိမိကိုယ်မိမိ သတိမထားမိသော ဆီးချိုရောဂါရှိနေခြင်းကြောင့်ဖြစ်သည်။ သူသည် လေဖြတ်မည့်နေ့မတိုင်မီရက်ပိုင်းအတွင်းက သရက်သီးမှည့်ကို နေ့စဉ်စားခဲ့သည်။ သရက်သီးမှည့်သည် ချိုလည်းချို၊ သကြားဓာတ်လည်းများသဖြင့် ဆီးချို၊ သွေးချိုတက်စေသည်။

> "လေဖြတ်သူအတော်များများမှာ သွေးတိုး၍ဖြစ်ခြင်း၊ နှလုံးသွေးကြောပိတ်၍ နှလုံးမှသွေးခဲ ဦးနှောက်သို့ သွားရောက်ပိတ်ဆို့၍ သို့မဟုတ် ဦးနှောက်သွေးကြောပေါက်၍ ဖြစ်ခြင်းဟုသာ အသိများကြသော်လည်း ဆီးချို၊ သွေးချိုရောဂါကြောင့် လေဖြတ်နိုင်သည်ကို အသိနည်းကြသည် . . ."

လေဖြတ်သူအတော်များများမှာ သွေးတိုး၍ဖြစ်ခြင်း၊ နှလုံးသွေးကြောပိတ်၍ နှလုံးမှသွေးခဲ ဦးနှောက်သို့သွားရောက်ပိတ်ဆို့၍ သို့မဟုတ် ဦးနှောက်သွေးကြောပေါက်၍ ဖြစ်ခြင်းဟုသာ အသိများကြသော်လည်း ဆီးချို၊ သွေးချိုရောဂါကြောင့် လေဖြတ်နိုင်သည်ကို အသိနည်းကြသည်။ တချို့မှာ အကောင်းဆုံး၊ အရသာအရှိဆုံး အစားအသောက်များကို နေ့စဉ်စားသုံး၍ ကျန်းမာဝဖြိုးသည်ဟု ထင်နေရာမှ မသိလိုက်ဘဲ ဆီးချို၊ သွေးချိုရောဂါ ဝင်ရောက်လာလေ့ရှိသည်။ တချို့မှာ ရုတ်တရက် ထိခိုက်မိသောအနာ မကျက်သောအခါမှ ဆီးချိုရှိနေမှန်း စစ်ဆေးတွေ့ရှိရလေ့ရှိသည်။

အစားအသောက်ကောင်းကောင်းစား၊ ဇိမ်ရှိရှိနေသူများသည် သာမန်လေ့ကျင့်ခန်းကို တစ်ပတ်လျှင်တစ်ကြိမ်ခန့် လုပ်နေရုံဖြင့် မိမိကျန်းမာရေးအတွက် လုံလောက်ပြီဟု ထင်မှတ်နေလေ့ရှိသည်။ အစားအသောက်ခွန်အားကိုဖြုန်းပေးရန်၊ လေ့ကျင့်ခန်းပြုလုပ်ရန်၊ လမ်းလျှောက်ရန် မေ့နေလေ့ရှိကြသည်။ နေ့စဉ်စားသလောက် လမ်းလျှောက်ပေးရန် လိုသည်။ လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ပေးရန်လိုသည်။ အဆီနှင့် အချိုဓာတ်များကြောင့် သွေးကြောများတွင် အဆီများစုပုံပြီး သွေးကြောကျဉ်းမြောင်းလာခြင်း၊ သွေးလည်ပတ်မှုမကောင်းခြင်း၊ အချိုနှင့်အဆီဓာတ်ကိုချေဖျက်ရန် အင်ဆူလင်ဓာတ် ထုတ်ပေးရသော ပန်ကရိယ ခေါ် မုန့်ချိအိတ်အလုပ်တာဝန်ပိ၍ ပျက်စီးခြင်းတို့ကြောင့် ဆီးချို၊ သွေးချိုရောဂါဖြစ်ရခြင်းတို့၏နောက်ဆက်တွဲမှာ လေဖြတ်ခြင်းပင်ဖြစ်သည်။

အစားအသောက်ပုံစံ ပြုပြင်ရန်လိုအပ်သော မိသားစုများရှိသည်။ နေ့စဉ် အဆီနှင့်တွဲသောအသားဓာတ်ကို အမြောက်အမြားစားသုံးခြင်းကြောင့် ဖြစ်ရသောရောဂါများသည် အသည်းအဆီဖုံးခြင်းမှ စသည်ကို တွေ့ရသည်။

လေဖြတ်ရောဂါဝေဒနာရှင်အတော်များများမှာ အသည်းအဆီဖုံးခြင်းမှ စသည်ကို တွေ့ရသည်။ အသည်းအဆီဖုံးသူ အတော်များများမှာလည်း အသက် ၅၀ ဝန်းကျင်မှစဖြစ်ခဲ့ပြီး ၅၀ ကျော်လာသောအခါ သိသိသာသာဝလာသည်။ စစ်ဆေးမိသောအချိန်တွင်လည်း အသည်းအဆီဖုံးခြင်းသည် ပြန်ချရန်ခက်ခဲသောအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း တွေ့ရသည်။ အရက်သောက်ခြင်းနှင့် ဆေးလိပ်သောက်ခြင်းအလေ့အကျင့်တို့ တွဲဖက်ရှိနေလျှင် ပို၍အခြေအနေဆိုးနိုင်သည်။

အသက် ၅၀ ကျော်သူများ၏ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းတချို့သည် ကျန်းမာရေးအတွက် ထိရောက်မှုမရှိသည်ကို တွေ့ရသည်။ တစ်ပတ်လျှင်တစ်ကြိမ်မျှလေ့ကျင့်ခန်းပြုလုပ်ခြင်းသည် ကျန်းမာရေးအတွက် မထိရောက်နိုင်ကြောင်း၊ အကျိုးပြုရန် မသေချာကြောင်း တွေ့ရသည်။ စားကောင်းသောက်ကောင်းရုံမျှ ပြုလုပ်သောလေ့ကျင့်ခန်းသည် သွေးကြောများအတွင်းရောက်နေသော အဆီများနှင့် အသည်းတွင်စုပုံနေသော အဆီများကို မလျော့ကျနိုင်ပေ။

လေဖြတ်မည့်သူများအတွက် ရုတ်တရက်မဖြစ်မီ ရှေ့ပြေးလက္ခဏာများ ရှိသည်။ သတိမထားမိကြ၍သာ လေဖြတ်မည့်အခြေအနေအထိ ရောက်ကြခြင်းဖြစ်သည်။ အထူးသိသာသည့်အချက်မှာ ကိုယ်အလေးချိန်တက်လာခြင်းဖြစ်သည်။ နေ့လယ်စာစားပြီးလျှင် အိပ်ချင်ငိုက်မျဉ်းခြင်း၊ မှတ်ဉာဏ်ချို့ယွင်းလာခြင်း၊ ပစ္စည်းများကိုင်လျှင် မကြာခဏလွတ်ကျခြင်း၊ မျက်စိမှုန်ဝါးခြင်း၊ တစ်ခါတစ်ရံ ဦးခေါင်းနောက်စေ့မှခေါင်းကိုက်ခြင်း စသည်တို့သည် အမှုမဲ့အမှတ်မဲ့မနေလျှင် သိနိုင်သော လေဖြတ်မည့် ရှေ့ပြေးလက္ခဏာများဖြစ်သည်။ အသက် ၄၀ ဝန်းကျင်လူတစ်ဦး နံနက်စောစောရေချိုးခြင်း၊ ညအိပ်ရာဝင်ရေချိုးခြင်းသည် ဘာမှမဖြစ်နိုင်သော်လည်း အသက်၅၀ ကျော်သူများမှာ ရေချိုးမှားလျှင် လေဖြတ်နိုင်သည်။ ပန်ကာဖွင့်အိပ်မိခြင်း၊ နေပူထဲမှပြန်လာပြီး ရေချိုးခြင်း၊ ခေါင်းလျှော်ခြင်းတို့ကြောင့် လေဖြတ်သူများတွင် အသက် ၅၀ ကျော်သူများက ပို၍ဖြစ်လေ့ရှိသည်ကို တွေ့ရသည်။

အဆီများများစားသုံးခြင်း၊ အငန်စားခြင်း၊ အချိုစားခြင်း၊ အရက်သေစာသောက်စားခြင်း၊ ဆေးလိပ်သောက်ခြင်းတို့သည် သက်လတ်ပိုင်းအထိ ခန္ဓာကိုယ်ကြံ့ခိုင်လျှင် ခံနိုင်ရည်ရှိသော်လည်း အသက် ၅၀ စွန်းစွန်းရောက်လာသည်နှင့် သတိပြုနေသင့်သည်ကို တွေ့ရသည်။ သတိမထားမိလျှင် အမှုမဲ့အမှတ်မဲ့နေရင်း ရုတ်တရက်တွေ့ကြုံရသော မူးလဲခြင်း၊ နှလုံးတိုက်ခိုက်ခံရသဖြင့် ရင်ဘတ်အောင့်ပြီးလဲကျခြင်း၊ သတိလစ်ပြီး စကားမပြောနိုင်တော့ခြင်း၊ ရုတ်တရက်မျက်စိကွယ်ခြင်း၊ ဦးနှောက်သွေးခဲပိတ်ခြင်းကြောင့် လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပေါက်၍ ရုတ်တရက် လေသင်တုန်းဖြတ်ပြီးအသက်ဆုံးရှုံးရခြင်းများ ဖြစ်နိုင်သည်။

လူ့သက်တမ်း ၁၀၀ ရှိသည်ဟုဆိုလျှင် အသက် ၅၀ အရွယ်သည် ဘဝခရီးတစ်ဝက်ကျိုးသည့်အချိန်ဟု သတ်မှတ်ရပေလိမ့်မည်။ လေလျော်ကောင်းတုန်း တက်ကျိုးဟူသောအဖြစ်မျိုး မဖြစ်စေရန် အသက် ၅၀ ကျော်လာသည်နှင့် အောက်ပါအချက်များကို လိုက်နာသင့်သည်။

- ကျန်းမာရေးလေ့ကျင့်ခန်းတစ်မျိုးမျိုးကို နေ့စဉ်ပြုလုပ်ပါ။
- လူပင်ပန်း၊ စိတ်ပင်ပန်းအလုပ်မျိုးကို တတ်နိုင်သမျှလျှော့ချပါ။
- အဆီ၊ အငန်၊ အချိုတို့ကို တတ်နိုင်သမျှ လျှော့စားပါ။
- အစားစားချိန်ကို တတ်နိုင်သမျှ အချိန်မှန်အောင် ဂရုစိုက်ပါ။
- အအေးမပတ်အောင် ဂရုစိုက်ပါ။
- ဝမ်းမှန်အောင် ဂရုစိုက်ပါ။
- အိပ်ရေးဝအောင်၊ အိပ်ချိန်၊ ထချိန်မှန်အောင် ဂရုစိုက်ပါ။
- အလှူအတန်းနှင့် ဘာသာရေးဘက်သို့ စိတ်ပါလာအောင် ကြိုးစားပါ။
- ကျန်းမာရေးစစ်ဆေးမှု ပုံမှန်ပြုလုပ်ပါ။ ။

## ဘုတ်ပြင်းမြို့နယ် ကရိုင်တိုင်ကျေးရွာ၌ လေထုညစ်ညမ်းမှု လျှော့နည်းစေရေး အသိပညာပေးဟောပြော

ဘုတ်ပြင်း စက်တင်ဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လေထုညစ်ညမ်းမှုလျှော့နည်းစေရေးအသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၂၀ ရက်က ကရိုင်တိုင်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာများ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး စနစ်တကျအမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းလေထုညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုး၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ အမှိုက်များကို အမျိုးအစားခွဲခြား၍ စနစ်တကျစွန့်ပစ်ရန်နည်းလမ်းများ၊ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့်အကြောင်းအရာများ၊ လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေးဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက သိရှိလိုသည်များမေးမြန်းကြရာ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကရိုင်တိုင်ကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



အထွေး

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ကဝမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး



ကဝ စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် စက်တင်ဘာလ ၂၀ ရက် နံနက်ပိုင်းတွင် ကဝမြို့နယ် သက္ကလတိုက်နယ်ဆေးရုံ၌ ရဟန်း၊ ရှင်၊ လူပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက သက္ကလတိုက်နယ်ဆေးရုံနယ်မြေအတွင်းရှိ ကျေးရွာများမှ ရဟန်း၊ ရှင်၊ လူပြည်သူများ စုစုပေါင်း ၄၃၅ ဦး လာရောက်ပြသကြရာ အဆိုပါလူနာများအထဲမှ အထွေထွေရောဂါလူနာ ၁၅၅ ဦး၊ သားဖွားမီးယပ်ရောဂါလူနာ ၂၅ ဦး၊ ကလေးရောဂါလူနာ ၁၄ ဦး၊ မျက်စိရောဂါလူနာ ၅၃ ဦး၊ သွားနှင့်ခံတွင်းရောဂါလူနာ ၂၅ ဦး၊ ခွဲစိတ်ရောဂါလူနာ ၄၆ ဦး၊ အရေပြားရောဂါလူနာ ၃၅ ဦး၊ အရိုးအကြောရောဂါလူနာ ၈၂ ဦး စုစုပေါင်းလူနာ ၄၇၆ ဦးတို့အား ဆေးကုသပေးသည်။

ထိုသို့ကွင်းဆင်းဆေးကုသမှုပြုလုပ်ရာသို့ ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်၊ ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြတ်စိုး၊ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာသန္တာဆွေ၊ ကဝမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

၄၀၁၊ တင်စိုး(ပဲခူး)

# မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာခြောက်ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုရာနှုန်းပြည့်ပြီးစီး

**မိတ္ထီလာ စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာခြောက်ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်တို့ရှိ ကျေးရွာတို့၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ် ၁၅ သန်းဖြင့် ကျေးရွာခြောက်ရွာအတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းတို့အား အကောင်အထည်ဖော်ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မိတ္ထီလာမြို့နယ် ပျော်ကုန်းကျေးရွာ၌ ဆိုလာရေသန့်စင်စနစ်တပ်ဆင်ခြင်းနှင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း၊ ညောင်ပင်သာကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း၊ မလှိုင်မြို့နယ် ဆည်တောကျေးရွာ၌ ဆိုလာတပ်ဆင်ခြင်းနှင့် စက်ရေတွင်းတူးဖော်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ သာစည်မြို့နယ် သီးကုန်းကျေးရွာနှင့် မုန်ပင်ဆုံကျေးရွာတို့၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း၊ ဝမ်းတွင်းမြို့နယ် သခွပ်မြင့်ကျေးရွာတို့၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ ၎င်းလုပ်ငန်းများမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(၆၀၂)

### မြဝတီရုပ်မြင်သံကြား အစီအစဉ် ၂၂-၉-၂၀၂၅(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၆:၀၃ | တရားတော် | ၇။ ၁၆:၀၀ | နိုင်ငံတကာသတင်း |
| ၂။ ၀၈:၀၀ | မျိုးချစ်တပ်မတော် | ၈။ ၁၈:၄၀ | ကျန်းမာသုတ |
| ၃။ ၀၉:၀၀ | Soft Skill | ၉။ ၁၉:၀၀ | **CGTN Nature အပိုင်း(၃၈)** |
| ၄။ ၁၁:၀၀ | တစ်ချိန်ကသူတို့အကြောင်း | ၁၀။ **ည ၈ နာရီ သတင်း အပြီး** | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် |
| ၅။ ၁၄:၀၀ | မှတ်သားလိုက်နာပုံပမာ | ၁၁။ | မှတ်တမ်း |
| ၆။ ၁၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် | | |

### MWD Variety Channel ၂၂-၉-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၅ | သတိမမူ ဂူမမြင် |
| ၂။ | ၁၁:၅၀ | တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်စို့ |
| ၃။ | ၁၂:၄၅ | ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ |
| ၄။ | ၁၄:၄၅ | သောတဆင်စရာ တေးမြန်မာ |

## ဆုတောင်း

❖ ဤလောက ကမ္ဘာမှာ
သတ္တဝါ အများ။
ဘေးဘယာ အစဉ်ဝေးလို့
အေးချမ်းစေသား။

❖ ဤလောက ကမ္ဘာမှာ
သတ္တဝါ အများ။
သစ္စာခိုင် မေတ္တာစစ်နဲ့
ချစ်ကြစေသား။

❖ ဤလောက ကမ္ဘာမှာ
သတ္တဝါ အများ။
မုဒိတာ အစဉ်သုံးလို့
ရွှင်ပြုံးစေသား။

❖ ဤလောက ကမ္ဘာမှာ
သတ္တဝါ အများ။
အမျက်မသိ အမုန်းဝေးလို့
အေးကြစေသား။

❖ ဤလောက ကမ္ဘာမှာ
သတ္တဝါ အများ။
အတ္တတွေ ဖယ်ကာရှင်းလို့
ကင်းကြစေသား။

❖ ဤလောက ကမ္ဘာမှာ
သတ္တဝါ အများ။
မောဟပါ ဒေါသသိမ်းလို့
ငြိမ်းကြစေသား။

❖ လူ့ကမ္ဘာ လူ့လောက
တွေးဆလို့ ဆင်ခြင်ပါ။
လောဘရယ် ဒေါသနဲ့
မောဟကင်းကာ။
မေတ္တာနဲ့ အကြင်နာ
အစဉ်သာ ဝေကာပေး။
စာနာကာ ဖေးကူမလို့
အေးတူပူအမျှ တစ်သက်မခွဲပါဘူ
လက်တွဲကာ ငြိမ်းစေကြောင်းကိုဖြင့်
(ကွယ် . . . )
ဆုတောင်းတယ်လေး။ ။

**ကိုကျော်စွာ(ကျိုက်ပိ)**

# ကန့်ဘလူခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံဧက ခြောက်သိန်းကျော်စိုက်ပျိုးပြီးစီး



ကန့်ဘလူ စက်တင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံဧက ခြောက်သိန်းကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ကန့်ဘလူခရိုင်အတွင်း စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါ၊ ကြံနှင့် အစေ့ထုတ်ပြောင်းအပြင် နှစ်ရှည်သီးနှံ၊ ဥယျာဉ်ခြံသီးနှံများ စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် အဓိကသီးနှံများအနက် စပါး ၁၈၁၅၄၉ ဧက၊ ပဲ ၂၃၂၀၆၁ ဧက၊ ဆီထွက်သီးနှံ ၅၉၈၃၄ ဧက၊ ကြံ ၃၂၇ ဧက၊ စားဖိုဆောင်သီးနှံ ၂၇ ဧက၊ တခြားသီးနှံ ၁၂၇၉၉၃ ဧကနှင့် နှစ်ရှည်ပင် ဧက ၃၇၈၆၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ကန့်ဘလူခရိုင်အတွင်းရှိ တောင်သူများ သီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်ရေးနှင့် ဒေသတွင်း မျိုးကောင်းမျိုးသန့်မျိုးစေ့ပွားများစေရေး နည်းပညာပေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ EM ဖျော်ရည်၏အကျိုးကျေးဇူး၊ အသုံးပြုပုံ၊ တောင်သူများကိုယ်တိုင်ပြုလုပ်သုံးစွဲနိုင်သည့် သဘာဝပိုးသတ်ဆေး၊ အပင်အားဆေးပြုလုပ်နည်း သင်တန်းပေးခြင်းများကို သက်ဆိုင်ရာမြို့နယ်များအလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူခရိုင်အတွင်းရှိ ကန့်ဘလူမြို့နယ်နှင့်ကျွန်းလှမြို့နယ်တို့၌ သီးနှံစိုက်စွမ်းအားမြှင့်မားရေးအတွက် သီးထပ်သီးညှပ်တိုးချဲ့စိုက်ပျိုးရေး၊ သီးနှံထုတ်လုပ်မှုမြင့်မားရေးအတွက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပြည်တွင်းစားသုံးမှုဖူလုံစေရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားထားမြှင့်တင်ပြီး ဒေသတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ပြည်မြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

ပြည် စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးသည့်တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာများ ဖြန့်ဖြူးရောင်းချနေမှုအခြေအနေကို စက်တင်ဘာလ ၂၁ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက မြို့နယ်အတွင်း ယူရီးယားဓာတ်မြေဩဇာ ရောက်ရှိမှုအခြေအနေများ၊ ဂိုထောင်အတွင်း စနစ်တကျထိန်းသိမ်းထားရှိမှုအခြေအနေများ၊ သီးနှံပေါ်ပေးစနစ်ဖြင့် တောင်သူများလက်ဝယ်အရောက် ရောင်းချနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဓာတ်မြေဩဇာသွင်းအားစု ဖြန့်ဖြူးရေးကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး တောင်သူများ အရည်အသွေးပြည့်မီသော ဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာ စိုက်ပျိုးချိန်အမီ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ပြည်မြို့နယ်အတွင်းသို့ ယူရီးယားဓာတ်မြေဩဇာအိတ်ရေ ၄၈၀၀၊ ကွန်ပေါင်းဓာတ်မြေဩဇာအိတ်ရေ ၇၂၀ စုစုပေါင်းဓာတ်မြေဩဇာအိတ်ရေ ၁၂၀၀ အား ဩဂုတ်လ ၁၈ ရက်မှစတင်၍ သီးနှံပေါ်ပေးစနစ်ဖြင့် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ လက်ရှိတွင် ယူရီးယားဓာတ်မြေဩဇာ ၁၅၃၆ အိတ်၊ ကွန်ပေါင်းဓာတ်မြေဩဇာအိတ်ရေ ၄၀၀ စုစုပေါင်းဓာတ်မြေဩဇာ ၁၉၃၆ အိတ်ဖြန့်ဖြူးရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ရောင်းချပေးခြင်းသည် ကျေးရွာများမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းနှင့် အကျုံးမဝင်သည့် တောင်သူများအား စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရန် လိုအပ်သောဓာတ်မြေဩဇာများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ချိုလေး**

# သာစည်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး



သာစည် စက်တင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ညောင်ပင်သာကျေးရွာအုပ်စု ကျောက်ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသောလုပ်ငန်းများကို စက်တင်ဘာလ ၂၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ကျောက်ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၅၈ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျောက်ပုံကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၇ ဦးအတွက် ငွေကျပ် ၄၁ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၀ ဦးအတွက် ငွေကျပ် ၁၂ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးအတွက် ငွေကျပ် ၂ ဒသမ ၃ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူလေးဦးအတွက် ငွေကျပ် ၁ ဒသမ ၉ သန်းထုတ်ချေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဒေးဒရဲမြို့နယ်၌ ကျောင်းတွင်းဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ဒေးဒရဲ စက်တင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒေးဒရဲမူလတန်းကြိုကျောင်းရှိ ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန်နှင့် ကိုယ်ခန္ဓာဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျောင်းတွင်းဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၀ ရက်က ဒေးဒရဲမူလတန်းကြိုကျောင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်၊ ဖျာပုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်မူမူထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။



ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်က ကလေးများ ကာယဉာဏဖွံ့ဖြိုးတိုးတက်စေရေး သက်ဆိုင်ရာဌာနများပူးပေါင်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ကျောင်းတွင်းဉာဏစွမ်းရည်ပြိုင်ပွဲများကို ကျင်းပရာ မူလတန်းကြိုကျောင်းသား၊ ကျောင်းသူများက တစ်ဦးချင်းပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် အဖွဲ့လိုက်သီချင်းဆိုပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုရရှိသူများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်၊ ဖျာပုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်မူမူထွန်း၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်နီနီမြင့်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**အေဇာလင်း**

# မချမ်းဘော့မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြ မဲပေးခြင်းများဆောင်ရွက်



ပူတာအို စက်တင်ဘာ ၂၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်ဇော်သည် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်ရွေးကောက်ပွဲအရာရှိဦးမျိုးမင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်ပူတာအိုခရိုင်မချမ်းဘော့မြို့နယ်ထရန်ဒမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျေးရွာအုပ်စုများရှိ မဲဆန္ဒရှင်ပြည်သူများနှင့်လည်းကောင်း၊ မချမ်းဘော့မြို့နယ် ဂူဘားခန်းမ၌ မချမ်းဘော့မြို့နယ်ရှိ မဲဆန္ဒရှင်ပြည်သူများနှင့် လည်းကောင်း သီးခြားစီတွေ့ဆုံပြီး လာမည့် ဒီဇင်ဘာလတွင်ကျင်းပမည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် စတင်အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးပုံ၊ မဲပေးနည်းများကို ရှင်းလင်းပြောကြား၍မဲပေးစက်အသုံးပြု၍လက်တွေ့သရုပ်ပြမဲပေးနေမှုကို ကြည့်ရှုအားပေးကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် မချမ်းဘော့မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ မချမ်းဘော့မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး မဲစာရင်းတိကျမှန်ကန်ရေးနှင့် ဒီဇင်ဘာလတွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ညနေပိုင်းတွင် ပူတာအိုခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ပြည်နယ်ရွေးကောက်ပွဲအရာရှိနှင့်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့က မဲပေးစက်နှင့် အခြားမဲရုံသုံးပစ္စည်းများ သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**

# မိတ္ထီလာခရိုင် MEVM ဆိုင်ရာကြီးကြပ်မှုအဖွဲ့များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော် တွေ့ဆုံ

မိတ္ထီလာ စက်တင်ဘာ ၂၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးသန်းအောင်ကျော်သည် မိတ္ထီလာခရိုင် MEVM ဆိုင်ရာကြီးကြပ်မှုအဖွဲ့များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့် စက်တင်ဘာလ ၁၉ ရက် မွန်းလွဲပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပထမအကြိမ်မဲစာရင်းကပ်ထားကြေညာနိုင်ရေးအတွက်ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်၏ ပြင်ပတွင်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ယာယီနေရပ်စွန့်ခွာနေရသူများအား ကော်မရှင်အဖွဲ့ခွဲများ၏စီစဉ်မှုဖြင့် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များ၊ လျာထားမဲရုံတည်နေရာနှင့် မဲဆန္ဒရှင်စာရင်းများအား သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်နှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများက ပူးပေါင်းစီစဉ်ဆောင်ရွက်သွားရမည့်အခြေအနေ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) စက်များအားထုတ်ယူ၍တပ်ဆင်စမ်းသပ်ခြင်းနှင့် လျာထားရက်အတွင်း မဲရုံများသို့ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ခရိုင်နှင့် မြို့နယ် MEVM ကြီးကြပ်မှုအဖွဲ့နှင့် နည်းပညာအထောက်အကူပြုအဖွဲ့များက စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။



ထို့နောက် မိတ္ထီလာခရိုင် MEVM ဆိုင်ရာကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌက ခရိုင်အတွင်း MEVM ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့များနှင့် နည်းပညာအထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် တက်ရောက်လာကြသည့်ခရိုင်နှင့်မြို့နယ် MEVM ကြီးကြပ်မှုအဖွဲ့ဝင်များနှင့် ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၁

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အကြားအလပ်မရှိစဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ဆင်သေ-နန်ဖာ အမာခံမြေသားလမ်း ၁၉ မိုင်အနက် အတက်အဆင်းမတ်စောက်သည့် ၅ ဖာလုံအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ဒေသခံကျေးရွာ ၆ ရွာမှ ဒေသခံပြည်သူ ၄၂၆၁ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၄၁၇၃ ဒသမ ၂၆၁ သန်းဖြင့် လမ်းတာချဲ့ခြင်း ၁၀ မိုင်၊ မြေသားလမ်း ၈ မိုင်၊ အမာခံလမ်း ၈ မိုင်၊ ကျောက်လမ်း ၂ မိုင်၊ ကွန်ကရစ်လမ်း ၅ ဖာလုံ၊ ကွန်ကရစ်တံတား ၁ စင်း၊ Box Culvert ၂၇ စင်း၊ ကျောက်တောင်မိုင်းခွဲခြင်း ၃ ဖာလုံ၊ စက်ရေတွင်း ၁ တွင်း၊ အုတ်ခြံစည်းရိုးကာရံခြင်း ၁၈၆၃ ပေ၊ သာသနာရေးအဆောက်အအုံ ၁ ခု၊ သဘာဝဘေးကြောင့် မြေပြိုမှုဖယ်ရှားခြင်းလုပ်ငန်းသုံးခုတို့အား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြဝတီ**

○ **ကျောဖုံးမှအဆက်**

ယင်းပြိုင်ပွဲတွင် သုံးချီပြိုင်ပွဲ တွဲဆိုင်း ၁၁ ဆိုင်းပါဝင်ထိုးသတ်ခဲ့ကြပြီး စိန်သန်းဦး(ခေးယူးဝါး)နှင့် ဖြိုးမောင်မောင်(MFC Club) တို့ပွဲတွင် စိန်သန်းဦးက ဖြိုးမောင်မောင်ကို တတိယအချီတွင်လည်းကောင်း၊ စောရူဘီ (YMA Club)နှင့် ခွန်မင်းမင်း(MFC Club) တို့ပွဲတွင် စောရူဘီက ခွန်မင်းမင်းကို ဒုတိယအချီတွင်လည်းကောင်း၊ မိုးကြိုး(Bago Club)နှင့် စောပိုဒ်အောင်(မြောက်ဥက္ကလာ) တို့ပွဲတွင် မိုးကြိုးက စောပိုဒ်အောင်ကို ပထမအချီတွင်လည်းကောင်း၊ ကောင်းထက်ဇော်(STL Club)နှင့် ကပေါလု(Phonenix Club)တို့ပွဲတွင် ကောင်းထက်ဇော်က ကပေါလုကို ဒုတိယအချီတွင်လည်းကောင်း အလဲထိုးအနိုင်ရရှိခဲ့ကြသည်။

အခြားပွဲစဉ်များဖြစ်သည့် ရဲရင့်(ကျားဘုရင်)နှင့် မန်းညီ(YFC Club)၊ နိုင်ဇင်ဦး(ကျားဘုရင်)နှင့် ရှိုင်းထက်ဦး(Wannion)၊ နေလ(တော်ဝင်ရှော)နှင့် ပြည့်ဖြိုးအောင်(ကျားဘုရင်)၊ အောင်ကောင်းခန့်(STL Club) နှင့်စောထူးဒယ်(Phonenix Club)၊ ကျော်ကြီး(တော်ဝင်ရှော)နှင့် အောင်ဆန်းလင်း(ခေးယူးဝါး)၊ အောင်ကိုဦး(MFC Club)နှင့် ကျားမာန်ဟိန်း(Smart Fight)၊ သက်ထားစံ(Wannion)နှင့် Ray (Do Fo Nine)တို့ပွဲစဉ်တို့တွင် ကစားသမားများအကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အနိုင်အရှုံးမပေါ်ဘဲ ပူးတွဲသရေသာဖြစ်ခဲ့ကြကြောင်း သိရသည်။ **ဝန်းရံခ**

## မိုးပိုနေမည်

နေပြည်တော် စက်တင်ဘာ ၂၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

(မိုး/ဇလ)

# ကရင်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ (၅/ ၂၀၂၅)ညှိနှိုင်းအစည်းအဝေးကျင်းပ

ဘားအံ စက်တင်ဘာ ၂၁

ကရင်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ (၅/၂၀၂၅)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ ၁၉ ရက် မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ကျင်းပရာ ကရင်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ဒေသနေပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ကရင်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီမှ ချမှတ်ထားသည့် Quick Win လုပ်ငန်းအစီအမံ ငါးရပ်၊ Global Plan နှင့် ကရင်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ် ဩဂုတ်လအထိ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးက ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့်ယာဉ်မတော်တဆမှုနှင့်ဖြစ်ပွားရသည့်အကြောင်းရင်းများ၊ စည်းကမ်းပျက်ယာဉ် စစ်ဆေးအရေးယူဖမ်းဆီးမှုများ၊ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခဲ့မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ကောင်စီအဖွဲ့ဝင်များက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် စီမံခန့်ခွဲရေးဆပ်ကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီ၊ သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီနှင့်ဘဏ္ဍာရေးဆပ်ကော်မတီဝင်များ၊ ခရိုင်အဆင့် ယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မာလာထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအထောက်အကူပြု Software ကို အမှတ်(၁၀)ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲမှူးထံ လွှဲပြောင်းပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ကွန်ပျူတာ Software ရေးဆွဲပေးသော နောက်ဆုံးနှစ်ကျောင်းသား မောင်အောင်ကောင်းခန့်နှင့် ကြီးကြပ်ဆရာမနှစ်ဦးတို့ကို ဂုဏ်ပြုဆုငွေများပေးအပ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး မကွေးမြို့၌ အခြေခံပညာကျောင်းသား အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

မကွေး စက်တင်ဘာ ၂၁



မကွေးတိုင်းဒေသကြီး မကွေးမြို့၌ အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား/အမျိုးသမီးအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီး အားကစားကွင်း၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုကြကာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဆားစည့်ကျောင်းမှ ဘင်ခရာအဖွဲ့နှင့် အောင်စေတနာအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသူလေးများက ပန်းဖွားအကဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မကွေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ Fitness Exercises ကို အာရှမြန်မာသီချင်းဖြင့်သရုပ်ပြတင်ဆက်ခြင်းနှင့်အခြေခံပညာအလယ်တန်းကျောင်း–ရဲကျောင်းမှ ထာဝရသစ္စာသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခြင်းများကို ကြည့်ရှုအားပေး၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် မကွေးခရိုင်အသင်းနှင့် ပခုက္ကူခရိုင်အသင်းတို့၏ ဘောလုံးယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါကျောင်းသားအားကစားပြိုင်ပွဲကို ကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ ကာယ၊ ဉာဏဖွံ့ဖြိုးတိုးတက်စေရေး၊ မျိုးဆက်သစ်အားကစားသမားများမွေးထုတ်ပေးနိုင်ရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း စည်းလုံးညီညွတ်မှုပိုမိုခိုင်မာလာစေရေး၊ နိုင်ငံတော်အတွက် အားကိုးအားထားရသည့်နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးအဆင့် အခြေခံပညာကျောင်းသား အားကစားပြိုင်ပွဲများဖြစ်သည့် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘတ်စကက်ဘောပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများကို စက်တင်ဘာလ ၂၀ ရက်မှ ၂၂ ရက်အထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## ■ ထန်းတပင်မြို့နယ်မှ

စိုက်ပျိုးနိုင်ရေးအတွက် တာဝန်ရှိသူများက တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

“ထန်းတပင်မြို့နယ်အတွင်းမှာရှိတဲ့တောင်သူတွေ စပါးစိုက်ပျိုးတဲ့နေရာမှာ လုပ်အားကုန်ကျမှုစရိတ်တွေ၊ မျိုးစေ့နှုန်းထားကုန်ကျမှုစရိတ်တွေ သက်သာဖို့နဲ့ စပါးအထွက်နှုန်းတိုးတက်လာဖို့အတွက် စံပြစိုက်ခင်းတွေမှာ စိုက်ပျိုးနည်းစနစ်တွေကို သက်ဆိုင်ရာကွင်းအလိုက်မှာ တောင်သူအသိပညာပေး မိုးစပါးလက်တွေ့စိုက်ပျိုးပြသပေးလျက်ရှိပါတယ်။ ဒါ့အပြင် နည်းပညာ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်လျက်ရှိပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောဝင်းကိုကပြောသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## မှတ်သား ဖွယ်ရာ မိုးရေချိန်များ

၂၁-၉-၂၀၂၅

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | ဟသ်ာတ | ၂ | ဒသမ | ၈၃ လက်မ |
| ဓနုဖြူ | ၃ | ဒသမ | ၃၀ လက်မ | အင်္ဂပူ | ၂ | ဒသမ | ၆၆ လက်မ |
| ဇလွန် | ၃ | ဒသမ | ၂၃ လက်မ | ပုသိမ် | ၂ | ဒသမ | ၅၂ လက်မ |
| ကွမ်းခြံကုန်း | ၃ | ဒသမ | ၁၁ လက်မ | မိတ္ထီလာ | ၂ | ဒသမ | ၄၄ လက်မ |
| ကန်ကြီးထောင့် | ၂ | ဒသမ | ၉၂ လက်မ | ငါန်းဇွန် | ၂ | ဒသမ | ၂၃ လက်မ |


## ◆ ရှေ့ဖုံးမှအဆက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၁-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၄-၉-၂၀၂၅ ရက်နေ့မှ ၂၅-၉-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၁-၉-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၆-၉-၂၀၂၅ ရက်နေ့အတွက် မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



# အဆို၊ အက၊ အရေး၊ အတီး ပန်တျာခရီး

ကိုဇော်ဒွေး(ယဉ်ကျေးမှု)

● **လူမျိုးစုတစ်စု၏ အကပုံစံများကိုလေ့လာခြင်းဖြင့် ထိုလူမျိုးစုတို့၏ ယဉ်ကျေးမှုတစ်စိတ်တစ်ဒေသကိုလည်း လေ့လာသုံးသပ်နိုင်ပေသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အကအနုပညာသည် ဘာသာဗေဒတစ်ရပ်နှယ် သီးခြားခွဲထွက်လျက် သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာရပ်များအဖြစ် သီးခြားရပ်တည်လာနိုင်ကြသည်ကိုတွေ့ရသည်။**

● **ဂီတ၏ဒြပ်ပစ္စည်းမှာ အသံပင်ဖြစ်သည်။ အက္ခရာမပါဘဲ စာပေမဖြစ်နိုင်သကဲ့သို့ အသံမပါဘဲ ဂီတမဖြစ်ချေ။ အသံတစ်ခုတည်းနှင့်လည်း ဂီတမဆိုနိုင်ချေ။ နရီ(စည်းဝါး)ခေါ် အချိန်ပါရှိရန်လည်း လိုအပ်ပြန်သည်။ အသံနှင့်နရီတွဲဖက်ပေါင်းစပ်ကလှသည်။**

သမိုင်းဦးအစကာလများကပင် အဆင့်အတန်းမြင့်မားပြီး အရည်အသွေးပြည့်စုံသည့် မြန်မာတို့၏ အနုပညာယဉ်ကျေးမှုများသည် ပန်တျာခရီးသွားများစွာ ပါဝင်လာသည့်အခါ ပိုမိုတောက်ပထည်ထည်ဝါဝါ ဝင့်ဝင့်ကြွားကြွားရှိလာကြတော့သည်။ အဆို၊ အက၊ အရေး၊ အတီးဟူသည့် မြန်မာမှုဟန်ပညာရပ်များသည် ပန်တျာခရီးသွားများ၏ကျေးဇူးကြောင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းဝယ် မြန်မာ့ဟန် မြန်မာ့ဂုဏ်ရည်ကို ထင်ထင်ရှားရှားဖော်ညွှန်းပြသနိုင်ခဲ့သည်ချည်းဖြစ်ခဲ့သည်။ ပန်တျာခရီးသည်ပညာရှင်များ၏ ပြုစုပျိုးထောင်၊ သိုမှီးစုဆောင်းမှုများနှင့် မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်မှုများကြောင့် ပညာရပ်များသည် ခက်လက်ဝေလွှင်ဥယျာဉ်ကြီးနှယ် လှပတင့်မောနေခြင်းဖြစ်သည်။

ဆိုမှု၊ ကမှု၊ တီးမှုတို့ကိုအခြေပြုသောအနုပညာတစ်ရပ်ကို မြန်မာတို့အလိုအားဖြင့် ပန်တျာဟုခေါ်သည်။ ထိုပန်တျာအနုပညာသည် လူတို့၏စိတ်နှလုံးကို နူးညံ့ပျော့ပျောင်းစေနိုင်သည်။ ရွှင်ပြုံးချမ်းမြေ့စေနိုင်သည်။ ပန်တျာဟူသောဝေါဟာရကို သက္ကရာဇ် ၅၅၂ ခုနှစ်ထိုး ပုဂံမြို့၊ ဝက်ကြီးအင်းအလယ်ပိုင်း၊ ချောင်းအနောက်၊ စာရင်း ၁၂၂၊ မြန်မာတိုင်းရင်းကျောက်စာပုံ ၅၀၊ ကျောက်စာကြောင်းရေ ၂၄ နှင့် ၂၆ ကြားတွင်–

**“စည်သည်ငါစိမ်၊ ၁ စည်သည်၊ ငါပြည်ာ ၁ စည်သည် ငါ...။ ပန်တျာအိုမိ ၁ ပန်တျာ အိုကြွ်. ၁ ပန်တျာ ထန်ဗူ ၁၊ ပန်တျာအိုချောက် ၁၊ ပန်တျာ ယဆိယ် ၁၊ ပန်တျာ ယမတ် ၁၊ ပန်တျာ သံမူရာ ၁”**

ဟူ၍ပါရှိခဲ့လေသည်။ ဤတွင် ပန်တျာဟူသောဝေါဟာရကို –

**ပန် = ဖန်ဆင်းခြင်း၊ ပြုပြင်ခြင်း၊ ပြုလုပ်သူ၊ ဖန်ဆင်းသူ။**

**တျာ = တီးမှုတ်ခြင်း၊ တီးမှုတ်စရာ**

ဟူ၍ ကျောက်စာဝန်ဟောင်း ဦးဖိုးလတ်က ယူဆခဲ့လေသည်။ မြန်မာအဘိဓာန်ကမူ ပန်တျာကို “စည်တစ်မျိုး၊ အတီးအမှုတ်၊ အဆို၊ အတီး၊ အကပညာ” ဟူ၍ ဖွင့်ဆိုပြလေသည်။ မည်သို့ပင်ဆိုစေ ပန်တျာဟူသည် အနုသုခုမဆိုင်ရာ လူများ၊ ပစ္စည်းများ၊ တေးဂီတများကို ရည်ညွှန်းနေကြောင်း မှတ်သားနိုင်သည်။

**အဆို**

ရှေးမြန်မာစာပေ ဂီတလင်္ကာအနုသဘင်ပညာတို့သည် တစ်မျိုးနှင့်တစ်မျိုး ထွေးရောယှက်တင်ဆက်နွှယ်လျက်ရှိခဲ့ကြလေသည်။ ပါဠိ၊ သက္ကတစသောဘာသာတို့တွင် ကဗျာနှင့်ဂီတမှာ ခြားနားခြင်းမရှိလှ။ ကဗျာကိုပင် တူရိယာဖြင့် တွဲဖက်သီဆိုခြင်းဖြင့် ဂီတအဖြစ်သို့ ပြောင်းလဲနိုင်သကဲ့သို့ ဂီတကို တူရိယာလွှတ်မတြာကိုလျော့၍ ဆိုခြင်းအားဖြင့် ကဗျာအဖြစ်သို့ ပြောင်းလဲနိုင်ကြောင်း လေ့လာသိရှိရသည်။ အများအားဖြင့် ကာရန်နှင့်ဖွဲ့ဆိုဖတ်ရှု၍ရသော စာပေကို ကဗျာအဖြစ်လည်းကောင်း၊ ထိုကဗျာကိုပင် စည်း၊ ဝါး၊ တူရိယာနှင့်တွဲဖက်လျက် သီချင်းအဆိုအဖြစ်လည်းကောင်း ခေါ်ဆိုကြသည်။ သီချင်းအဆိုသည် စင်စစ် ဂီတပင်ဖြစ်သည်။ အဆိုပညာရှင်တစ်ဦးသည် တူရိယာကို မတီးခတ်၊ မမှုတ်တတ်ငြား စည်း၊ ဝါးကို အနည်းဆုံးနားလည်ကြသည်။ ၁၉၀၀ ပြည့်နှစ်တွင် ဓာတ်စက်၊ ဓာတ်ပြားများပေါ်လာ၍ သီချင်းကြီးဓာတ်ပြားများ၊ ဇာတ်ထုပ်များ၊ နာမည်ကျော်ဆိုင်းဆရာကြီးများ၏ ဆိုင်းတီးလုံးများခေတ်စားလာသည်။ ထိုစဉ်က (မစ္စကွမ်)ဓာတ်ပြားကုမ္ပဏီတစ်ခုတည်းသာရှိသေးသည်။ သီချင်းကြီးများ ဓာတ်ပြားသွင်းရာ၌ စောင်းဆရာငြိမ်းနှင့် အဆိုတော်ကျိုက်လတ်မယ်သင်တို့မှာ ထင်ရှားခဲ့သည်။ ဇာတ်မင်းသားကြီး ဦးဖိုးစိန်သည် မဲဇာတောင်ခြေရတုကို ရှေးမူမှန်အတိုင်း မဆိုဘဲ ဆိုဟန်ကိုတိုးချဲ့တီထွင်သဖြင့် မဲဇာတောင်ခြေရတုကို လူအများအသည်းစွဲခဲ့ကြသည်။

သီချင်းသီဆိုသူတစ်ဦးသည် သီချင်းတစ်ပုဒ်ရှိ အဆင်တန်ဆာများဖြစ်ကြသော ရှည်တိုလေးပေါ့သော ဒီဃသရအသံများ၊ စကားလုံးလေယူလေသိမ်း၊ သီချင်းစာသား၏အဓိပ္ပာယ်၊ လျှာစောက် အာစောက်များဖြင့် သီဆိုတတ်ကြသည်။ အရစ်အဝဲများပါဝင်ခြင်း၊ အဖိအဖော့များပါဝင်ခြင်း၊ ဟန်နေဟန်ထား၊ အယူအဆများပါဝင်ခြင်း၊ နှုတ်တိုက်သင်ကြားမှုခံယူရခြင်း စသည်ဖြင့် သီဆိုသူတစ်ဦး၏ တာဝန်ကျေပွန်ရန်လည်းလိုအပ်သည်။ ထိုနည်းလမ်းဖြင့် ဒေါ်စောမြအေးကြည်သည် ရှေးမြန်မာဂီတသီချင်းများကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ဆိုနည်း၊ ဆိုဟန်၊ တီးဟန်၊ တီးကွက်များကို ရှေးမူမှန်ဖြစ်အောင် အထူးထိန်းသိမ်းပေးခဲ့သည်။ ကိုလံဘီယာဓာတ်ပြားကုမ္ပဏီပေါ်ပေါက်လာသောအခါ အောင်မြင်သောအသံနှင့် အဆွဲအငင်ပိုင်နိုင်စွာသီဆိုနိုင်သူ မကြည်အောင်၊ ချိုအေးကြည်လင်သောအသံရှင်မအေးမိ၊ အဆိုပိုင်သူ အငြိမ့်မင်းသမီးလေဘာတီမမြရင်၊ ဥသြဘသောင်နှင့် စိန်ပါတီတို့စုံတွဲသီချင်းများ ကျော်ကြားလာသည်။ အများစုသောရှေးခေတ်အဆိုပညာရှင်တို့သည် အဆိုရော၊ အတီးပါ စွယ်စုံကျွမ်းကျင်ကြသည်။

**အက**

လူ၏ခန္ဓာကိုယ်ကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် အချိန်နှင့်နေရာမရွေး ရွေ့လျားပြောင်းလဲနိုင်သော အကပညာသည် လွန်စွာရှေးကျသောအနုပညာတစ်ရပ်ပင်ဖြစ်ပြီး ကမ္ဘာ့နေရာအနှံ့အပြား၌ ထွန်းကားခဲ့သည်မှာလည်း မငြင်းဆိုနိုင်သော အကြောင်းတစ်ရပ်ဖြစ်သည်။ လူမျိုးစုတစ်စု၏ အကပုံစံများကိုလေ့လာခြင်းဖြင့် ထိုလူမျိုးစုတို့၏ ယဉ်ကျေးမှုတစ်စိတ်တစ်ဒေသကိုလည်း လေ့လာသုံးသပ်နိုင်ပေသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အကအနုပညာသည် ဘာသာဗေဒတစ်ရပ်နှယ် သီးခြားခွဲထွက်လျက် သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာရပ်များအဖြစ် သီးခြားရပ်တည်လာနိုင်ကြသည်ကိုတွေ့ရသည်။

အကဟူသည် ခေါင်း၊ ခါး၊ ခြေ၊ လက် စသည်တို့ကို ရှုချင်စဖွယ် ညွတ်ကွေးကပြခြင်းပင်ဖြစ်သည်။ သို့အတွက် လူ၏ခန္ဓာကိုယ်အစိတ်အပိုင်းများသည် အကပညာအတွက် အဓိကကျသော လိုအပ်ချက်များဖြစ်လာရသည်။ ထို့ပြင် အကအနုပညာသည် စကားလုံးမလိုဘဲ ကိုယ်လက်လှုပ်ရှားမှုဖြင့် ဖော်ပြလိုသောခံစားချက်ကို ဘာသာပြန်တင်ဆက်နိုင်သောပညာရပ်တစ်ခုလည်းဖြစ်သည်။ ထိုလှုပ်ရှားမှုနှင့်ပတ်သက်၍ အကသမိုင်းဆိုင်ရာ ပညာရှင်များက အကဟူသည် လူသားတို့၏ အခြေခံပင်ကိုစရိုက်လက္ခဏာများနှင့် စိတ်ခံစားချက်များ ပေါင်းစည်းဖြစ်ပေါ်လာသော လှုပ်ရှားမှုမှ အကဖြစ်ပေါ်လာသည်ဟု ဖွင့်ဆိုကြသည်။

မန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်းတရားနှင့် သီပေါမင်းတရားတို့ခေတ်တွင် နန်းတွင်း အီနောင်ဇာတ်၊ ရာမဇာတ် စသည်တို့ကပြခဲ့စဉ်က အီနောင်နန်းတွင်းဇာတ်တော်ကြီးတွင် နာမည်ကျော် လူကြိုက်များလှသော ပွတ်စပါးမင်းသမီးနေရာမှ ကပြခဲ့သူ ယင်းတော်မလေးမှာ ထင်ရှားခဲ့သူ အကပညာရှင်ဖြစ်သည်။ ယင်းတော်မလေးနှင့် မရှေးမနှောင်းပင် ဆင်ခိုးမလေးဟူ၍ အဆို၊ အက နှစ်ဌာနဝယ် နာမည်ကျော်သူလည်း ပေါ်ပေါက်လာခဲ့သည်။ ထိုမှ ဒေါ်ကွမ်းငုံနှင့် ကိန္နရာပျံတို့သည်လည်း ထင်ရှားကြသူများဖြစ်သည်။ ကိန္နရာအကနှင့် အရုပ်ကြိုးကဖြင့် နာမည်ကျော်ကြားလာသူမှာ မထွေးလေးဖြစ်သည်။ မထွေးလေးနောက်ဝယ် ဇာတ်မင်းသမီးကြီးများဖြစ်သည့် ဒေါ်စိန်နက်၊ ဒေါ်ငွေဘော်၊ ဒေါ်စိန်ထား၊ ဒေါ်သိန်ညှာ၊ ဒေါ်စိန်ဖော့၊ ဒေါ်စိန်ကျော့၊ ဒေါ်စိန်ညွန့်နှင့် အငြိမ့်မင်းသမီးများဖြစ်ကြသည့် ဒေါ်စိန်သုံ၊ ဒေါ်စိန်နွဲ့၊ မစိန်ညှာ၊ စိန်အေးမေ၊ စိန်မာ၊ ရေကျော်စိန်ပု၊ ဒေါ်စိန်ဆင်၊ တက္ကသိုလ်ပြည်သိန်းတင်၊ ချင်းမလေးအောင်စိန်၊ ရှမ်းမလေးစိန်ရင်၊ ကြိုးကြာမယ်မဒင်သန်း၊ ဒီးဒုတ်ခင်မြိုင်၊ ပဲခူးမြ စသည့်အကပညာရှင်တို့သည် ပန်တျာလမ်းကြောင်းကို အားကောင်းအောင်မောင်းနှင်နိုင်ကြသည်။

ထို့ပြင် အမျိုးသားအကပညာရှင်များဖြစ်ကြသည့် အီနောင်မောင်လှိုင်၊ အီနောင်မောင်တုတ်(ဦးစံတုတ်) ရာမဇာတ်ကပြသူဆရာမြ၊ မောင်ဘိုးဝေ၊ ဒိုးပတ်အကတွင် ဖုံမောင်ကျန်၊ ဖြောကိုလန်း စသည့် ပညာရှင်များ၏ ပန်တျာလမ်းသည် မှတ်မှတ်ထင်ထင်တင်ကျန်ရစ်ခဲ့ကြသည်။ ထိုမှ ဦးကျော်ဇံ ခေါ် ဦးဘကျော်၊ ဦးစိန်ကတုံး၊ ဦးသင်း၊ ဦးဆင်၊ ဦးစိန်အုပ်၊ ဦးစိန်ခို၊ ဦးစံရှား၊ ဦးဖိုးစိန်၊ ဦးအောင်မောင်း၊ ဦးတက်ခေတ်စိန်၊ ဦးတောကျော်၊ ဦးအောင်ငြိမ်း၊ ရွှေမန်းတင်မောင်၊ စိန်အောင်မင်း၊ ရွှေနန်းတင်၊ စိန်မာဒင် စသည့် ပညာရှင်များနှင့် မန္တလေးသိန်းဇော်၊ နန်းဝင်းတို့သည်လည်း ပန်တျာလမ်းဝယ် လမ်းဖောက်လမ်းလျှောက်ခဲ့သူများဖြစ်ကြသည်။

**အရေး**

သီချင်းရေးသူတစ်ဦးသည် ဗဟုသုတ၊ စာပေနှင့် တီးလုံးတေးသွား၊ သင်္ကေတတို့နှင့် ရင်းနှီးသူများဖြစ်သည်။ စာပေအရာ၌ သဒ္ဒါနည်း၊ အလင်္ကာနည်း၊ ဆန်းနည်းတို့ကိုလည်း အကျဉ်းမျှသိထားကြသည်။ စည်းနှင့်ဝါးဟူသည့် စည်းခန်းများ၏ အချိန်ဇယားသတ်မှတ်ပေးမှုကိုအကြောင်းပြု၍ စည်းနှင့်ဝါးသဘောကို နားလည်ထားကြသည်ချည်းဖြစ်သည်။ အခြေခံအဖြစ် သီချင်းရေးသားစပ်ဆိုမှုနှင့်အကျွမ်းဝင်သော အဓိကစည်းဝါးများဖြစ်သည့် စုံစည်း၊ ဝါးလတ်စည်း၊ နရီစည်း၊ ငုံ့စည်းများကို အသာဆွတ်ယူနိုင်ကြသည်။ သီချင်းတစ်ပုဒ်သည် ကမ္ဘာလောကတစ်ဝန်း၌ လောကီတန်ဆာ ပန်းမာလာများသဖွယ် တင့်တယ်မွန်မြတ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့ဖြင့် ထာဝရနှစ်သက်ဖွယ်တင်ကျန်စေကြသည်။

ကျိုက်လတ်ဦးပြုံးချိုမည်သော တေးရေးဆရာကြီးဦးပြုံးချို၏ “တေဘုမ္မာ” ယိုးဒယားနှင့်ဇာတိအာဏာယိုးဒယားသီချင်းတို့မှာ တင့်တယ်မွန်မြတ်ခြင်းဖြင့် ကျန်ရစ်ခဲ့သော သီချင်းများဖြစ်သည်။ ဆရာကြီး၏ ဇေယျတုသဗ္ဗမင်္ဂလံသီချင်းမှာလည်း မင်္ဂလာတို့ဖြင့် ထုံမွမ်းနေခဲ့သည်။ အရေးဟုခေါင်းစဉ်တပ်သော သီချင်းရေးကြသည့် ပန်တျာလမ်းဝယ် ဂီတစာဆိုများဖြစ်ကြသည့် ဆရာခါ၊ ဆရာတာ၊ နန်းတော်ရှေ့ဆရာတင်တို့လည်း ပါဝင်ခဲ့ကြသည်။ နန်းတော်ရှေ့ဆရာတင်၏ “သူဌေးဝါဒ”သီချင်းသည် မျိုးချစ်စိတ်ကို လှုံ့ဆော်ပေးသောသီချင်းဖြစ်သည်။ ထို့နည်းတူစွာ နိုင်ငံတော်သီချင်းဖြစ်လာမည့် ရှေ့ပြေးသီချင်းကို ဝိုင်အမ်ဘီဆရာတင်က “ဒို့ဗမာသီချင်း” အဖြစ် ရှေးဦးရေးသားထင်ရှားခဲ့သည်။ ခေတ်မီတိုးတက်သော အနာဂတ်မြန်မာနိုင်ငံတော်ကို ရည်မှန်းကာ မြို့မငြိမ်းက “လူချွန်လူကောင်း” သီချင်းကိုရေးခဲ့သည်။ ၎င်းတို့အပြင် မြန်မာညွှန့်ဆရာတင်၊ သဟာယဆရာတင်၊ ဒဂုံဆရာတင်၊ ရွှေတိုင်ညွှန့်၊ အရှေ့ပိုင်းဆရာချစ်၊ ၁၂ လမ်းဆရာမောင်၊ အေဝမ်းဆရာညှာ၊ မြို့မငြိမ်း၊ ဗြိတိသျှဘားမား ကိုခင်မောင်ထွေးနှင့် ဆရာထားတို့သည်လည်း တေးရေးပန်တျာလမ်းဝယ် ထင်ရှားခဲ့ကြသည်။ ဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင်မောင်ကိုကို၊ ကိုလေးညွှန့်၊ ဝဏ္ဏကျော်ထင် စိန်မြမောင်၊ ကိုသက်ဦး၊ ချိုတေးဆက် ကိုအောင်ကိုး၊ စန္ဒရားချစ်မောင်၊ စန္ဒရားချစ်ဆွေ၊ ပန်တျာချစ်လှိုင်၊ မောင်မောင်လတ်၊ အေဝမ်းစိုးမြင့်၊ လင်းခေးလုလင်၊ ဟသ်ာတမြင့်ငွေ၊ စန္ဒရားတင်ဝင်းလှိုင်၊ မောင်ကြေးမုံ၊ ကိုညွှန့်ဝေ စသည့် မျိုးဆက်တို့ကလည်း ဆိုကရေးတီးပြိုင်ပွဲကြီး၏ အရေးမည်သော ဘာသာရပ်ခေါင်းစဉ်အောက်ဝယ် မျိုးဆက်သစ်တို့အား လက်ဆင့်ကမ်းမှုဝေ လက်တွဲခေါ်ဆောင်နိုင်ခဲ့ကြသည်။ သီချင်းရေးပြိုင်ပွဲသည် သီချင်းရေးသူတစ်ဦး၏လှုံ့လဝီရိယကြောင့် သီချင်းတစ်ပုဒ်ဖြစ်တည်ခဲ့ရသလို အချိန်တိုအတွင်း၌ သီချင်းတိုက်ရန် အတီးဆရာရှာရ၊ သီဆိုသူရှာရသော တေးရေးတစ်ဦး၏ ခံစားမှုပုံရိပ်သဏ္ဌာန်၊ အတွေ့အကြုံကိုပါ အရေးပြိုင်ပွဲကြီးက ပေးစွမ်းနိုင်လေသည်။

**အတီး**

အတီးဘာသာရပ်သည် ဂီတပင်ဖြစ်သည်။ ဂီတဆိုသည်မှာ လူတို့၏ခံစားချက်အရပ်ရပ်တို့ကို လူတို့၏ အသံ၊

**စာမျက်နှာ ၁၄ သို့** ❑

❑ **စာမျက်နှာ ၁၃ မှအဆက်**

လူတို့ပြုလုပ်ဖန်တီးသော ပစ္စည်းကိရိယာများမှ ထွက်ပေါ်လာသောအသံတို့ဖြင့် အနိမ့်အမြင့်၊ အတက်အကျ၊ အတိုးအကျယ်၊ အဆွဲအငင် စသောအနုပညာနည်းစနစ်များအရ သီကုံးစပ်ဆိုထားသည့် နရီအချိန်ညီညွတ်မှန်ကန်စွာ ရွေ့လျားနေသော အသံအဖွဲ့အစည်းကိုခေါ်ခြင်းဖြစ်သည်။

ဂီတဟူသောဝေါဟာရသည် ပါဠိသက်ဝေါဟာရတစ်ခုဖြစ်ပြီး သီချင်းဟုလည်းကောင်း၊ သံစဉ်အမျိုးမျိုးဖြင့် ပြေပြစ်ချောမွေ့အောင်ဖွဲ့ထားသော အဖွဲ့အနွဲ့၊ တေး၊ တေးချင်း၊ တေးသီချင်း ဟူ၍လည်းကောင်း ဖွင့်ဆိုကြသည်။ သီဆိုခြင်းဆိုသည်မှာ စာသားဖြင့်ဖွဲ့သီခြယ်မှုန်းထားသော ဂီတသံစဉ်တေးသွား အတွဲအဖက်များကို နှုတ်ဖျားမှဌာန်ကရိုဏ်းကျကျဖြင့် မြည်တမ်းရွတ်ဆိုခြင်းပင်ဖြစ်သည်။ မြန်မာအဘိဓာန် အတွဲ-၁ တွင်မူ ဂီတ၏အနက်အဓိပ္ပာယ်ကိုသီဆိုခြင်း၊ သီချင်းဟူ၍ ပြသည့်အပြင် သီဆိုတီးမှုတ်ခြင်းဟူ၍လည်း ပြထားလေသည်။ ဝေါဟာရတ္ထပကာသနီကျမ်း၌ “ ၃ မတြာစင်ဖြစ်ခဲ့က ဗျူတာပေါက်၏” ဟူသော မြတ်ဆရာတို့က အမိန့်စကားရှိကြောင်း ဖွင့်ဆိုထားရာ မတြာဆိုသည်မှာ လျှပ်တစ်ပြက်လက်ဖျစ်တစ်တီး အချိန်ကလေးဆိုလိုပြီး “ဗျူဟာပေါက်၏”ဆိုသည်မှာ ဂီတသံကိုရောက်၏ဟု ဆိုလိုရင်းဖြစ်သည်။ သို့ကြောင့် ၃ မတြာ သို့မဟုတ် ယင်းထက်ကြာသောဆွဲငင်သော အသံသည် ဂီတသံဖြစ်၏ဟု အဓိပ္ပာယ်ထွက်လေသည်။ ဂီတ၏ဒြပ်ပစ္စည်းမှာ အသံပင်ဖြစ်သည်။ အက္ခရာမပါဘဲ စာပေမဖြစ်နိုင်သကဲ့သို့ အသံမပါဘဲ ဂီတမဖြစ်ချေ။ အသံတစ်ခုတည်းနှင့်လည်း ဂီတမဆိုနိုင်ချေ။ နရီ(စည်းဝါး)ခေါ် အချိန်ပါရှိရန်လည်း လိုအပ်ပြန်သည်။ အသံနှင့်နရီတွဲဖက်ပေါင်းစပ်ကလှသည်။ နရီဆိုသည်မှာ အချိန်ပင်ဖြစ်သည်။

ထိုသို့သော ဂီတ၏သဘောကို အတီးပညာရှင်တို့က နားလည်ကြသည်။ ဒေဝဣန္ဒာ မောင်မောင်ကြီးကို စောင်းဘုရင်ဟု တင်စားကြသည်။ မိကျောင်း၊ တူရိယာ၊ စန္ဒရား၊ ပတ္တလား စသောတူရိယာများနိုင်နင်းကျွမ်းကျင်သည်။ ၎င်း၏တပည့် မောင်မောင်လတ်သည် မဟာဂီတကျွမ်းကျင်သည်။ ဂီတဝိသောဓနီကျမ်းစာအုပ်ပြုစုထုတ်ဝေသည်။ နာမည်ကျော်ပတ်တီးဆရာများမှာ ဦးမိုးညွှန့်၊ ဆရာစိမ့်၊ စိန်ဗေဒါ၊ ဓာတ်မင်းသားဦးစိန်ကတုံး၏ဖခင် ဦးကျော်ဦး၊ ဦးဟန်ပ၊ ဦးဘမောင်တို့ဖြစ်ပြီး ပတ္တလားတွင် ဆရာသိန်းကြီး၊ ဆရာညွန့်၊ ဦးကျော်ဖေ၊ ဦးရင်မောင်၊ ဆရာဘကြီး၊ ဆရာဘလေးတို့ဖြစ်သည်။ နှဲဆရာကြီးများမှာ ဦးဇေယျာ၊ ဦးသာကြင်၊ ဦးဒီလုံး၊ ဦးကျောက်လုံးနှင့် မြန်မာညွန့်၊ ဦးချစ်မောင်တို့ဖြစ်သည်။ ၁၉၁၀ ပြည့်နှစ်တွင် စန္ဒရားကို မြန်မာသံစဉ်ညှိ၍ တီးလာကြသည်။ စတင်စမ်းသပ်တီးခတ်သူမှာ ဆရာညွန့်ဖြစ်သည်။ ထို့နောက် ဆရာကြီး ဦးထွန်းဖေ၊ ဘိလပ်ပြန်ဆရာကြီးဦးချစ်ထူးတို့နာမည်ကြီးသည်။ ထိုမှကောလိပ်ကျောင်းသား မောင်ကျော်သည် စန္ဒရားချန်ပီယံဘွဲ့ရခဲ့၍ ချန်ပီယံမောင်ကျော်ဟု နာမည်ကျော်ခဲ့သည်။ ၎င်းအပြင် ရွှေပြည်အေး၊ စိန်ဝေလျှံ၊ အေဝမ်းခင်မောင်တို့လည်း နာမည်ကြီးကြပြန်သည်။ ၁၉၃၀ ပြည့်နှစ်အလွန်တွင် ဂီတာကို မြန်မာသံစဉ်အတိုင်းကြိုးညှိ၍ ကျင်လည်စွာတီးခတ်နိုင်သဖြင့် နာမည်ကြီးလာကြသူမှာ ဂီတာစိမ်းမောင်ဖြစ်သည်။ တယောကို မြင်းစိုင်းကြိုးနှင့် နိုင်နင်းစွာထိုးနိုင်၍ တယောဘသွင်နာမည်ကြီးလာသည်။ ၎င်းသည် သီချင်းလည်း ဆိုနိုင်သူဖြစ်ရာ ကိုယ်တိုင်ဆိုကိုယ်တိုင်တီးသူအဖြစ် အသိများသည်။ တယောဘရီ၊ တယောဝိဇ္ဇာကိုဖိုးငိုတို့လည်း နာမည်ကြီးသည်။

ဆိုခြင်း၊ ကခြင်း၊ သီချင်းရေးခြင်း၊ တီးခတ်ခြင်းတို့သည် လူမှုဆက်ဆံရေးပညာရပ်များဖြစ်သည်။ ရှေးဦးကာလကတည်းက အိမ်နီးချင်းနိုင်ငံများနှင့် လူမှုဆက်ဆံရေးကိစ္စရပ်များကို ထူထောင်ခဲ့ကြသည်။ ပြည်တွင်းညီနောင်အချင်းချင်းလည်း နွေးထွေးသောသံယောဇဉ်တည်ဆောက်ခဲ့ကြသည်။ ထိုမှပြည်ထောင်အချင်းချင်း ဆက်ဆံရေး၊ ပြည်တွင်းအင်အားစည်းလုံးရေးတို့ကို တက်လှမ်းနိုင်ခဲ့သည်။ သမိုင်းအမွေအနှစ်မြတ်နိုးစရာများအဖြစ် ရှေးရှုနိုင်ခဲ့ကြသည်။ ထိုလုပ်ငန်းစဉ်တွင် ပန်တျာခရီးသွားများပါဝင်ခဲ့ကြသည်။ အမိမြေပေါ်တွင် နေထိုင်ကြသည့် ပန်တျာခရီးသည်တိုင်းသည် မြန်မာ့သုခုမပညာရပ်များကို မပျောက်ပျက်စေရန် ထိန်းသိမ်းပေးခဲ့ကြသည်။ ထိုမှမျှဝေလက်ဆင့်ကမ်းပေးခဲ့ကြသည်။ သို့ကြောင့်ပင် မြန်မာ့ရိုးရာယဉ်ကျေးမှုများသည် ခက်လက်ဝေဖြာစည်ပင်ထွန်းကားနေခဲ့ခြင်းဖြစ်သည်။

ဘိုးဘေးများ ပေးဝေခဲ့သည့် အနုပညာရပ်များကို ခေတ်ရောက်လူငယ်တို့ ဆက်လက်ထိန်းသိမ်းစေချင်သည့်ဆန္ဒဖြင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပပေးနေခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်လူငယ်အနုပညာရှင်များ မျိုးစေ့မှန်၍ ရှင်သန်ပါစေကြောင်း ဆုမွန်တောင်းပေးလိုက်ရပါသည်။ ။

# ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲကျင်းပ



ပဲခူး စက်တင်ဘာ ၂၁

၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၀ ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ဟံသာဝတီယူနိုက်တက်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်အုပ်စုပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆို၍ ပဲခူးမြို့ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအစီအစဉ်အတွဲအမှတ်(၃) (၄) နှင့် Physical Fitness Exercise PE(22) ဖြင့် သရုပ်ပြဖျော်ဖြေကြသည်။ ထို့နောက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများက ဘင်ခရာသီချင်းများဖြင့် တီးမှုတ်ဖျော်ဖြေကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး အခြေခံပညာ ကျောင်းသားအားကစားပွဲတော် အဖွင့်ပြိုင်ပွဲအဖြစ် အသက် ၁၈ နှစ်အောက် ဘောလုံးပြိုင်ပွဲ ပဲခူးခရိုင်အသင်းနှင့် တောင်ငူခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်ပဲခူးတိုင်းဒေသကြီး အခြေခံပညာကျောင်းသားအားကစားပွဲတော်တွင် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်နှင့် ကြက်တောင် အားကစားနည်း ခုနစ်မျိုး ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း ရန်ပုံငွေပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၁

နေပြည်တော်ကောင်စီနယ်မြေတပ်ကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် ရွှေးစုကျေးရွာနှင့် ညောင်ကိုင်းကျေးရွာတို့၌ ကျင်းပသည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရွှေးစုကျေးရွာနှင့် ညောင်ကိုင်းကျေးရွာတို့မှ ကော်မတီဝင်များထံသို့ ကျေးရွာတစ်ရွာလျှင် RBF စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ စီအား လွှဲပြောင်းပေးအပ်သည်။

တပ်ကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရွှေးစုကျေးရွာနှင့် ညောင်ကိုင်းကျေးရွာတို့ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်လုပ်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးလာပြီး မိသားစုဝင်ငွေတိုးပွားစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**



# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန့်ရှင်းရေးဆောင်ရွက်

မြဝတီ စက်တင်ဘာ ၂၁

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် မြဝတီခရိုင်ရဲတပ်ဖွဲ့မှ အမှတ် (၅) ရပ်ကွက် ရွှေမြင်းဝံစေတီတော်မြတ်ကြီး၌ စက်တင်ဘာလ ၂၀ ရက် နံနက်ပိုင်းတွင် သန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမိုးကျော်ဟိန်း ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များသည် စေတီတော်ပရိဝုဏ်အတွင်းရှိ ရင်ပြင်တော်များအား သန့်စင်ဆေးကြောခြင်း၊ ဘုရားဆင်းတုတော်များ ရေသပ္ပာယ်ခြင်း၊ အမှိုက်သရိုက်များ လှည်းကျင်းသန့်ရှင်းခြင်းများကို ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(၄၀၆)

| | | | | | |
|---|---|---|---|---|---|
| MWD Education, Knowledge & Sports Channel | | | | | ၂၂-၉-၂၀၂၅(တနင်္လာနေ့) |
| ၁။ | ၀၇:၀၀ | - | ၀၈:၃၅ | Grade – 6 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ | - | ၁၆:၁၅ | Grade – 6 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၁၅ | - | ၁၇:၁၅ | Grade – 6 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |
| ၄။ | ၁၇:၁၅ | - | ၁၈:၀၀ | Grade – 3 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၅။ | ၁၈:၀၀ | - | ၁၉:၃၀ | Grade – 3 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

**သစ်တောသစ်ပင်တို့ချစ်ခင် သစ်ပင်စိုက်ပျိုးဝင်ငွေတိုး။**

# ယာယီနေရပ်စွန့်ခွာပြည်သူများအား ကယားပြည်နယ်ဝန်ကြီးချုပ်က အခြေခံစားသောက်ကုန်များပေးအပ်၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှုအားပေး

လွိုင်ကော် စက်တင်ဘာ ၂၁

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လွိုင်ကော်မြို့၌ ယာယီနေရပ်စွန့်ခွာရောက်ရှိနေထိုင်လျက်ရှိသည့် ပြည်သူများလတ်တလောနေထိုင်စားသောက်မှုအဆင်ပြေစေရေး၊ ပြန်လည်နေရာချထားရေးနှင့် မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လည်ပတ်လုပ်ကိုင်နိုင်ရေး စနစ်တကျစီမံအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ ရတနာသီရိပရိယတ္တိစာသင်တိုက်၌ ကုန်းသာကျေးရွာတွင် ပြန်လည်ဝင်ရောက်နေထိုင်ရန် ထပ်မံရောက်ရှိလာသည့် ပြည်သူများနှင့်တွေ့ဆုံသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ယာယီနေရပ်စွန့်ခွာပြည်သူများက လိုအပ်ချက်များ၊ ဖြည့်ဆည်းပေးရန် အချက်များအား တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများအလိုက် ကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ ယာယီနေရပ်စွန့်ခွာပြည်သူများသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်များနှင့်စားသောက်စရိတ် ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကိုကြည့်ရှုအားပေးပြီး သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသမှုခံယူရန်လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီညွှန်းပို့နိုင်ရေး စီမံဆောင်ရွက်ပေးရန်မှာကြားပြီး ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် ကယားပြည်နယ် လွိုင်ကော်မြို့ သီရိဒေါနှစ်ခြင်းခရစ်ယာန်အသင်းတော်ခန်းမဆောင် ဆက်ကပ်ချီးမွမ်းခြင်းနှင့် ဂုဏ်ပြုမိတ်ဆုံစားပွဲကို လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက် သီရိဒေါနှစ်ခြင်းခရစ်ယာန်အသင်းတော်ခန်းမဆောင်၌ ကျင်းပရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ကယားပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မျိုးတင်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဗဟိုအကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌ သာသနာပိုင်ချုပ် စတီဖင်သန်းမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ အသင်းတော်အသီးသီးမှ ဓမ္မအမှုတော်ဆောင်ဆရာတော်များ၊ အသင်းသား၊ အသင်းသူများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် သိက္ခာတော်ရဆရာတော် ဒေါက်တာမျိုးဝင်းက ပဏာမကျမ်းစာဖတ်ကြားခြင်းနှင့် အဖွင့်ဆုတောင်းပြီး သီရိဒေါနှစ်ခြင်းခရစ်ယာန်အသင်းတော်မှကွာယာသီချင်းသီဆိုချီးမွမ်းကာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင်ဦးစောထွန်းအောင်မြင့်က ပြည်နယ်အေးချမ်းသာယာရေးအတွက် ကျေးဇူးတော်ချီးမွမ်းသည်။

ဆက်လက်၍ လွိုင်ကော်နှစ်ခြင်းခရစ်ယာန်အသင်းတော်က ကွာယာသီချင်းသီဆိုချီးမွမ်းပြီး မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌ သာသနာပိုင်ချုပ် စတီဖင်သန်းမြင့်ဦးက တရားဒေသနာ ဝေငှဟောကြားပြီး သီရိဒေါနှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သင်းအုပ် သိက္ခာတော်ရဆရာတော် ဒေါက်တာခူးရယ်ကျော်ထူးက ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင်က သီရိဒေါနှစ်ခြင်းအသင်းတော်သို့ အလှူငွေများကိုပေးအပ်ရာ သင်းအုပ်ဆရာတော် ဒေါက်တာခူးရယ်ကျော်ထူးကလက်ခံရယူပြီး လှူဒါန်းမှုများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ အလှူရှင်များကလက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံ ဇဝ်ဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရဆရာတော် ဒေါက်တာအေးမင်းက ခန်းမဆောင်နှင့် အသုံးအဆောင်များ ဆက်ကပ်ခြင်းနှင့်ဆုတောင်းခြင်း၊ လွိုင်ကော်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှသင်းအုပ် သိက္ခာတော်ရဆရာတော် လားဘွယ်နေမှူးက ကယားပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များအတွက် ဆုတောင်းခြင်းများဆောင်ရွက်ကာ ဧည့်သည်တော်များနှင့် တက်ရောက်လာသူများအားလုံးကို ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၂၁

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မန္တလေးတက္ကသိုလ်ဥပမိရပ်ကောင်းမွန်ရေးပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဖွင့်ပွဲအခမ်းအနားကျင်းပမည့်နေရာများ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုနှင့် ပြခန်းများခင်းကျင်းပြသရန် စီစဉ်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ အခမ်းအနားကျင်းပရေးကော်မတီများနှင့် တွေ့ဆုံပြီး မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အထိမ်းအမှတ်သီချင်းတင်ဆက်မှု၊ အကအလှများဖြင့်ဖျော်ဖြေမှု၊ မန္တလေးတက္ကသိုလ် သမိုင်းမော်ကွန်းဗီဒီယိုတည်းဖြတ်မှုဆိုင်ရာများကို အကြံပြုဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ မြဝတီ

# ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနပိုင် အုပ်ကျင်းသိုလှောင်ရုံအား မျိုးစေ့၊ ပိုးသတ်ဆေးနှင့် စိုက်ပျိုးရေးသွင်းအားစုများ သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းအတွက် ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် မာလာမြိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်နှင့် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းဦးစီးဌာနပိုင် အဆောက်အအုံ ငှားရမ်း၍ စိုက်ပျိုးရေးလုပ်ငန်းသုံးပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည့် စိုးအဏ္ဏဝါကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ Fresh & Green ကုမ္ပဏီမှ အနောက်ကြို့ကုန်းရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေအားငှားရမ်း၍ ကောက်ပဲသီးနှံ၊ အသားငါး၊ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ အခြေအနေစက်ရုံတို့ကိုကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည်ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်အားကစားခန်းမ၌ကျင်းပသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် သင်ကြားမှုထူးချွန်ဆရာ၊ ဆရာမများအား ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခမ်းအနားတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ၄ ဘာသာဂုဏ်ထူးရှင်သုံးဦး၊ ၃ ဘာသာဂုဏ်ထူးရှင်သုံးဦး၊ ၂ ဘာသာဂုဏ်ထူးရှင်ကိုးဦးနှင့် ၁ ဘာသာဂုဏ်ထူးရရှိသူ ၁၇ ဦးတို့ကိုလည်းကောင်း၊ ဘက်စုံထူးချွန်လူရည်ချွန် (Grade-9) ကျောင်းသားတစ်ဦးနှင့် အောင်ချက်အကောင်းဆုံးကျောင်းများနှင့် ဂုဏ်ထူးရရှိအောင်သင်ကြားပေးခဲ့ကြသည့် ဆရာ၊ ဆရာမများကိုလည်းကောင်း ဂုဏ်ပြုဆုများချီးမြှင့်ပြီး ဒုတိယဝန်ကြီးက ပညာရေးစာကြည့်တိုက်၊ လူမှုရေးအသင်းများ၊ မဟာအတုလမြတ်မုနိရုပ်တော်မူဘုရားကြီးဘက်စုံပြုပြင်ရန်နှင့် ဘိုးဘွားရိပ်သာတို့အတွက် အလှူငွေများပေးအပ်သည်။

ထို့မှတစ်ဆင့်ဒုတိယဝန်ကြီးသည်ပန်းပဲစုကျေးရွာ တောင်သူ ဦးလှဘော်၏လယ်မြေတွင် ပေါ်ဆန်းစပါးမျိုး ၁၁ မျိုး ယှဉ်ပြိုင်ကွက်တွင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျရောစပ်ကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန နည်းပညာပြန့်ပွားရေးစင်တာ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ ဓာတ်မြေဩဇာအသုံးပြုမှုလျှော့ချခြင်းဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကို အကျိုးဖြစ်စေရေး၊ မြေဆီလွှာ၏ ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနှင့် ဇီဝဂုဏ်သတ္တိများ ထိခိုက်ပျက်စီးမှုကင်းဝေးပြီး မြေဆီလွှာ၏ ကျန်းမာရေးကောင်းမွန်စေရေး၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ထည့်သွင်းခြင်းဖြင့် မြေဆီလွှာအတွင်း အာဟာရဓာတ်ဖြစ်ပေါ်ပြောင်းလဲမှုကို အထောက်အကူဖြစ်စေရေးတို့နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တောင်သူများအား သွင်းအားစုသဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

## ၂၁-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၉၈၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး




နေပြည်တော် စက်တင်ဘာ ၂၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအောက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ လက်ရက်ကန်းခြောက်လသင်တန်း၊ ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင် တစ်နှစ်သင်တန်း တက်ရောက်လျက်ရှိသော သင်တန်းသူများ၏ လက်တွေ့ဆောင်ရွက်နေသည့် ပအိုဝ်းခေါင်းပေါင်း၊ ခနုလုံချည်နှင့် ဒေသခံတိုင်းရင်းသားဝတ်စုံများ ရက်လုပ်နေမှုကိုလည်းကောင်း၊ စက်ရက်ကန်းရက်လုပ်ခြင်း၊ ချားပုတ်ခြင်း၊ ချည်ချခြင်းနှင့်ဂျပ်ခုတ်လုပ်ငန်း လက်တွေ့သင်ယူနေမှုကိုလည်းကောင်း၊ရက်ကန်းသင်တန်းကျောင်းအလိုက် ပအိုဝ်းတိုင်းရင်းသူ တိုင်းရင်းသားဝတ်စုံ ရက်လုပ်နေမှုကိုလည်းကောင်း စားရိပ်သာနှင့် သင်တန်းသူအိပ်ဆောင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအုပ်ကြီး၊ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသူများနှင့်တွေ့ဆုံ၍ ရိုးရာယဉ်ကျေးမှုကိုအခြေခံသော ခေတ်မီဒီဇိုင်းဆန်းများ တီထွင်ဖန်တီးရေး၊ ထူးချွန်သူများအား မန္တလေးမြို့ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် ဖွင့်လှစ်သော ဖက်ရှင်နှင့်ဒီဇိုင်း ခြောက်လသင်တန်းသို့ ချိတ်ဆက်တက်ရောက်ရေး၊ သင်တန်းဆင်းများအလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ပေးရန် မှာကြားပြီး သင်တန်းသူများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အေးသာယာစက်မှုဇုန်၌ မြန်မာ့ဩဘာလုပ်ငန်းစုနှင့် ဧရာဝတီမျိုးစေ့ကုမ္ပဏီတို့ ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့သည့် Grain & Edible Oils ကုမ္ပဏီလီမိတက်၏ တောင်သူများနှင့် အကျိုးတူကန်ထရိုက်လယ်ယာစနစ်ဖြင့် ပြောင်းစိုက်ခြင်း၊ ပြောင်းမျိုးစေ့ထုတ်လုပ်ခြင်းနှင့် ပြောင်းအခြောက်ခံစက်ရုံနှင့် သိုလှောင်ရုံဖွင့်ပွဲသို့ တက်ရောက်ပြီး စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားကာ စက်ရုံတည်ဆောက်မှုမှတ်တမ်းဗီဒီယိုကိုပြသပြီး စက်ရုံမှ တာဝန်ရှိသူတစ်ဦးက စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ အေးသာယာစက်မှုဇုန် အကွက်ကြီး အမှတ်(၁၀၂)ရှိ UNI ENERGY ကုမ္ပဏီ၏ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကိုလည်းကောင်း၊ တော်ဝင် TGI ကုမ္ပဏီလီမိတက်၏ U Nyi အင်းလေးချည် ဆေးဆိုးပန်းရိုက်လုပ်ငန်းကိုလည်းကောင်း၊စစ်မှုထမ်းဟောင်းအိမ်ရာများကို လည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဟဲကယ်-မန်ကျည်းပင် ကျေးရွာချင်းဆက်လမ်း အရှည် ၃ ဒသမ ၈ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံပြီး စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုမှာကြားကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ပြင်ဦးလွင်မြို့နယ်အတွင်း ရေဖူလုံစွာရရှိရေး ကြိုးပမ်းဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၂၁

စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် စက်တင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ၊ ပိုးသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာန၏ ပိုးစာပင်စိုက်ပျိုးခြင်းသုတေသန၊ ပိုးမွေးမြူခြင်းသုတေသနနှင့်ပိုးရောဂါစစ်ဆေးခြင်း၊ ပိုးမျိုးများ မွေးမြူမျိုးထိန်းခြင်းနှင့် သုတေသနလုပ်ငန်းများ၊ တောင်သူများထံသို့ မျိုးပိုးဥများ ထုတ်လုပ်ဖြန့်ဖြူးရန် မွေးမြူနေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သုတေသနဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် နိုင်ငံတော်အကြီးအကဲ၏ "ပြင်ဦးလွင်ဒေသရေဖူလုံစွာရရှိစေရေး" လမ်းညွှန်ချက်ဖြင့် ဆင်လမ်းရေလှောင်တမံ ရေပိုလွှဲ ၂ ပေ မြှင့်တင်ခြင်းနှင့် စည်သာရေလှောင်တမံ ရေပိုလွှဲ ၃ ပေမြှင့်တင်ခြင်းလုပ်ငန်းများ၊ စည်သာရေကူရေလှောင်တမံ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေပိုလွှဲရေတံခါးကို လိုအပ်သောစစ်ဆေးမှုများ စနစ်တကျ ဆောင်ရွက်ရန်၊ ဆောင်ရွက်ဆဲလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ ရာနှုန်းပြည့်ပြီးစီးရေး၊ တမံနှင့်ရေပိုလွှဲ ကြံ့ခိုင်မှုကောင်းမွန်စေရန် ပုံမှန်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများအတိုင်း အလေးထားဆောင်ရွက်ရန်၊ ရေပိုလွှဲအဝင်ရေလမ်းကြောင်း လိုင်နင်လုပ်ငန်းများ လျာထားဆောင်ရွက်ရန်၊ စိုက်ပျိုးထားသော အပင်များ ရှင်သန်စေရေးအတွက် နွေရာသီတွင် ရေရရှိရေး စီမံဆောင်ရွက်ကြရန်၊ တမံ ရေပိုလွှဲနှင့် ဆက်စပ်ရေအား အဆောက်အအုံများ၏ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး စီမံဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဆင်လမ်း ရေလှောင်တမံ ရေပိုလွှဲ ၂ ပေ မြှင့်တင်ခြင်းဖြင့် မူလသိုလှောင်ပမာဏ အထက် ရေ ၄၁၂ ဧကပေ ရေဂါလန် ၁၁၂ သန်းခန့် ပိုမိုသိုလှောင်နိုင်မည်ဖြစ်သကဲ့သို့ စည်သာရေလှောင် တမံရေပိုလွှဲ ၃ ပေ မြှင့်တင်ခြင်းဖြင့် ယခင် ကန်ရေပြည့်သိုလှောင်နိုင်သည့် ပမာဏအထက် ရေ ၂၆၇ ဧကပေ ရေဂါလန် ၇၂ သန်းခန့် ပိုမိုသိုလှောင်နိုင်မည်ဖြစ်၍ ပြင်ဦးလွင်မြို့နယ် သောက်သုံးရေ ဖူလုံစွာ ရရှိရေးအတွက် ကာလတိုအတွင်း လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်သည့်(Quick Win)လုပ်ငန်းများ ဖြစ်ကြောင်းသိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ကျောက်ဆည်မြို့ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ (အင်းကုန်း)သို့ ရောက်ရှိပြီး အင်ဂျင်ပါဝါသုံး ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်များဖြစ်သည့် မြန်မာနိုင်ငံတောင်သူလယ်သမားများ ကြိုက်နှစ်သက်သော တန်းကြား ၂၃ စင်တီမီတာနှင့် နိုင်ငံတကာစံနှုန်း သတ်မှတ်ထားသည့် တန်းကြား ၃၀ စင်တီမီတာနှစ်မျိုး စမ်းသပ်ထုတ်လုပ်နေမှု၊ အဆိုပါကောက်စိုက်စက်တွင် အသုံးပြုထားသော ကောက်ပင်စိုက်သည့် Picker စနစ်ကို ပိုမိုကောင်းမွန်စေရန် ဒီဇိုင်းပိုင်း ပြုပြင်ပြောင်းလဲစမ်းသပ်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက ထုတ်လုပ်ပြီးစီးသည့် တန်းကြား ၂၃ စင်တီမီတာ လက်ဆွဲကောက်စိုက်စက်အတွက် နည်းပညာပိုင်းဆိုင်ရာ ဒီဇိုင်းပုံထုတ်လုပ်ခြင်းကို တပ်မတော်အကြီးစားစက်ရုံ (ဆင်တဲ)နှင့် မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း)တို့ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှုကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ရန်ကုန်မြို့ရှိ အနုပညာဗဟိုဌာနတည်ဆောက်မှုလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၁

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မင်းဓမ္မလမ်းပေါ်ရှိ အနုပညာဗဟိုဌာန (Myanmar Art Center – Yangon)သို့ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို ဆောက်လုပ်ရေးရှင်းလင်းဆောင်တွင် Myanmar Land and Development Limited ဆောက်လုပ်ရေးကုမ္ပဏီမှ Managing Director ဦးသန့်ဇင်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသောလုပ်ငန်း ခုနစ်ခု၏ ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး Project Director ဒေါ်ယုယုနိုင်က လုပ်ငန်းပြီးစီးမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းအဆင့်တိုင်း ဆောင်ရွက်ရာ၌ စံချိန်စံညွှန်းမီအောင် ဆောင်ရွက်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်အရည်အသွေးစံနှုန်းများနှင့်အညီ သုံးစွဲရေး၊ Structure ပါအတိုင်း အဆင့်တိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အရည်အသွေးစစ်ဆေးရေးအဖွဲ့ (QC Team )က အလေးထားစစ်ဆေးသွားရေး၊ QC Report တင်ပြပေးရေး၊ လိုက်နာဆောင်ရွက်မှု မှတ်တမ်းထားရှိ စစ်ဆေးကြီးကြပ်ပေးရေး၊ ငလျင်ရစ်(ခ်)တာ စကေး ၈.၀ ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ပေးရေး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း ရေဂါလန် ၃၀၀၀၀ ဆံ့ Ground Tank နှစ်လုံး တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ ရှစ်လက်မ Tube Well တူးဖော်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ Steel Structure သန့်ရှင်းရေးနှင့် ဆီဆေးသုတ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ RC Wall နံရံများအချောကိုင်ခြင်း၊ ရေလုံဆေးသုတ်ခြင်းလုပ်ငန်းများ၏ ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အနုပညာဗဟိုဌာန (Myanmar Art Center – Yangon) ကို ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရပ်များ တင်ဆက်နိုင်မည့် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာနအဖြစ် ဖျော်ဖြေရေးအတွက်သာမက အနုပညာဆိုင်ရာပြပွဲ၊ ပြိုင်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အနုပညာနှင့် ဆက်စပ်သောဟောပြောပွဲများ ပြုလုပ်နိုင်ရန်အတွက် ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါအနုပညာဗဟိုဌာနကြီး တည်ဆောက်ပြီးစီးပါက နိုင်ငံတကာမှ လာရောက်သောယဉ်ကျေးမှုပဒေသာကပွဲများ၊ ကဇာတ်၊ ပြဇာတ်နှင့် တေးဂီတသံစုံ ဖျော်ဖြေတီးခတ်မှုများ၊ တေးဂီတဆိုင်ရာဖျော်ဖြေမှုများ၊ အနုပညာနှင့် ဆက်စပ်သော ပန်းချီ၊ ပန်းပုဆိုင်ရာ ပြပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အနုပညာဆိုင်ရာ ပညာပေးဟောပြောမှုများကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဂီတ၊ သဘင်၊ ရုပ်ရှင်၊ ပန်းချီ၊ ပန်းပုနှင့် စာပေနယ်ပယ်အသီးသီးမှ မြန်မာအနုပညာရှင်လူငယ်များအနေဖြင့် မိမိတို့၏ အနုပညာရပ်များကို ကမ္ဘာသို့ ဖော်ထုတ်ပြသနိုင်မည် သာမက ကမ္ဘာ့အနုပညာအသီးသီးနှင့် ဆက်စပ်ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းကောင်းများရရှိစေမည့် အနုပညာဗဟိုဌာနတစ်ခုဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# ဒုတိယအကြိမ်နိုင်ငံတကာနည်းပညာကွန်ဂရက်သို့ ဒုတိယဝန်ကြီး ဦးအောင်မြိုင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပသည့် ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာကွန်ဂရက် (The Second International Technology Congress–ITC) သို့ တက်ရောက်ရန် စက်တင်ဘာလ ၁၄ ရက်တွင် ရန်ကုန်မြို့မှ ရုရှားနိုင်ငံ မော်စကိုမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး စက်တင်ဘာလ ၂၀ ရက်ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတကာနည်းပညာကွန်ဂရက်ကို ရုရှားနိုင်ငံ မော်စကိုမြို့ရှိ Patriot Expo တွင် သုံးရက်ကြာကျင်းပခဲ့ပြီး ကွန်ဂရက်တွင် မျက်နှာစုံညီအစည်းအဝေး (Plenary Session) များ၊ ခေါင်းစဉ်အလိုက် ပြုလုပ်သည့် နည်းပညာဖိုရမ်များ၊ နည်းပညာသစ်များကို သရုပ်ဖော်ပြသသည့် Demonstration Session များကို သီးခြားစီ ပြုလုပ်ခဲ့သည်။ ကွန်ဂရက်ကာလအတွင်း ရုရှားနိုင်ငံမှ နည်းပညာကုမ္ပဏီကြီးများကလည်း ပြခန်းများ ဖွင့်လှစ်ပြသခဲ့သည်။

ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာကွန်ဂရက်၏ International Plenary Session ကို ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organisation) ၏ ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် စိတ်ချယုံကြည်ရသည့် နည်းပညာများ (Digital Compass. Partner Dialogue: course towards trusted technologies) ခေါင်းစဉ်ဖြင့် စက်တင်ဘာလ ၁၆ ရက် မွန်းတည့် ၁၂ နာရီတွင်ကျင်းပရာ ဒုတိယဝန်ကြီးက အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာကွန်ဂရက်၏ "International cooperation for the development of next-generation industrial automation systems forum" ကို စက်တင်ဘာလ ၁၇ ရက် မွန်းတည့် ၁၂ နာရီတွင်ကျင်းပရာ ဒုတိယဝန်ကြီးက စက်မှုလုပ်ငန်းများတွင် လူသားကြီးကြပ်မှုမလိုဘဲ အလိုအလျောက်ဆောင်ရွက်သည့် automation စနစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးဆောင်ရွက်ရမည့် အကြောင်းအရာများ ခေါင်းစဉ်ဖြင့် အမှာစကားပြောကြားသည်။

ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာကွန်ဂရက်၏ ဒုတိယအကြိမ် International Plenary Session ကို လုပ်သားများ၏ထုတ်လုပ်မှုအားမြှင့်တင်ပေးရာတွင် နည်းပညာသစ်များ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် စက်တင်ဘာလ ၁၈ ရက်တွင် ကျင်းပရာ ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။




အစည်းအဝေးများတွင် ဒုတိယဝန်ကြီးက စိတ်ချယုံကြည်ရသည့် နည်းပညာများ (trusted technologies) ကို မြန်မာနိုင်ငံအပါအဝင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် မိတ်ဖက်နိုင်ငံများအားလုံး ပါဝင်အသုံးပြုနိုင်စေရန် အချက်များကိုလည်းကောင်း၊ ဆိုက်ဘာလုံခြုံရေးမြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စများကိုလည်းကောင်း၊ စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်ကို အားလုံးပါဝင်နိုင်သည့်ပုံစံမျိုးဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်နည်းပညာနှင့် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အပါအဝင် နိုင်ငံတကာနှင့် လက်တွဲပြီး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်းထည့်သွင်းဆွေးနွေးသည်။

ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာကွန်ဂရက်သို့ တက်ရောက်နေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၇ ရက် နံနက် ၁၀ နာရီတွင် ပြုလုပ်သည့် ရုရှား-အာဆီယံ နည်းပညာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့လည်း ပါဝင်တက်ရောက်ပြီး ဒစ်ဂျစ်တယ် စီးပွားရေး၊ ဆိုက်ဘာလုံခြုံရေး၊ ဂြိုလ်တုဆက်သွယ်ရေး၊ အီးကောမာ့စ်၊ အိုင်တီပစ္စည်းများနှင့် Software ထုတ်လုပ်သည့် ကဏ္ဍများတွင် အာဆီယံနှင့် ရုရှားနိုင်ငံတို့အကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို အာဆီယံနိုင်ငံများကိုယ်စား ပါဝင်ဆွေးနွေးသည်။

ဒုတိယဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာကွန်ဂရက်တွင် ပြသထားသည့် ပြခန်းများသို့ ရုရှားနိုင်ငံ စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် လှည့်လည်ကြည့်ရှုရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုများအပေါ် ပြန်လည်ဆွေးနွေးခဲ့သည်။

ယခုနှစ်ပြုလုပ်သည့် နိုင်ငံတကာနည်းပညာကွန်ဂရက်သို့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်မှ ကိုယ်စားလှယ်စုစုပေါင်း ၄၀၀ ကျော် ပါဝင်တက်ရောက်ကြောင်း သိရသည်။

**မြဝတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Catfish from paddy fields sent to Yangon market



KYAIKLAT September 21

"Local merchants from Kyaiklat Township of Ayeyawady Region supplied a large volume of field catfishes to Yangon market," said Daw Su Hlaing, the owner of fisheries trading depot in Kyaiklat Township.

From Kyaiklat Township, about 66,000 viss of field catfish were transported and sold to Yangon market. The increase in field catfish shipments has brought favourable conditions for those engaged in the fisheries sector.

"When field catfish shipments increase, the main beneficiaries are the fishery workers. Over the past month, we transported and sold more than 66,000 viss of field catfish. Sales depend on purchases from the Yangon market, so they are not always consistent. At present, it is the season when field catfish are plentiful in the area. Field catfish are among the most widely consumed fish domestically. Although sales have been good, the price has remained stable. All seafood from Kyaiklat Township is transported not only to the local market but mainly to Yangon. When goods reach Yangon, buyers there offer good prices," said Daw Su Hlaing.

The price of field catfish transported from Kyaiklat Township to the Yangon market currently ranges from Ks-145,000 to Ks-195,000 per 10 viss. These fish are systematically packed before being sent to Yangon for sale. The strong demand has benefited freshwater catfish farmers, traders, fish catchers, labourers, and cargo truck operators alike.

**SK**

# Growing pigeon pea exceeds target cultivation in KhinU Township

KHINU September 21

According to KhinU Township Agriculture Department, local farmers have expanded sown acreage of pigeon pea as monsoon crops exceeding the target cultivation in KhinU Township of Sagaing Region.

In the 2025–2026 monsoon crop season, it was planned to cultivate 20,626 acres of pigeon pea in KhinU Township. Cultivation began in May this year, and as of today, 22,376 acres have already been planted, exceeding the initial target.

"The target for this monsoon season in KhinU Township was 20,626 acres of pigeon pea, but as of today, 22,376 acres have been cultivated, surpassing the planned acreage. Efforts are also being made to ensure good yields. Farmers are cultivating pigeon pea both as a main crop and as an intercrop," said U Nay Win Naing, Head of the KhinU Township Department of Agriculture.

This year, the Township Department of Agriculture has been providing farmers with field-level technical support to promote the use of quality and pure seeds, proper cultivation methods, pest prevention, and improved yields.

To help reduce expenses on foliar fertilizers, the department is also distributing technology of making natural fertilizers. This method not only lowers cultivation costs but also helps crops grow healthily, remain pest-free, and achieve better growth.

**SMK**

# More than 1,900 acres of maize and sweet corns planted in Monywa Township



MONYWA September 21

A total of 1,902 acres of maize and sweet corns were grown in Monywa Township of Sagaing Region, according to the township Agriculture Department.

In the 2025–2026 monsoon crop season, it was planned to cultivate 1,804 acres of seed maize and 250 acres of sweet corn, totalling 2,054 acres. Cultivation began in June this year, and as of today, 1,902 acres have been planted, including 1,665 acres of maize and 237 acres of sweet corn.

"This year, the target for Monywa Township was more than 2,000 acres of maize and sweet corn. So far, over 1,900 acres have been cultivated, and efforts are continuing to meet the full target. To ensure successful growth of the crops, awareness programmes are being conducted to prevent pest and disease outbreaks," said U Soe Thet Aung, Head of the Monywa Township Department of Agriculture.

This year, the department has been providing farmers with training courses, field demonstrations, and technical awareness programs. Preventive measures are being carried out against fall armyworm, while integrated pest management systems are promoted, including the use of neem-based pesticides, ginger, and chilli solutions.

In Monywa Township, maize yields over 50 baskets per acre, with a production cost of around Ks-500,000 per acre. Sweet corn yields about 15,000 ears per acre, with cultivation costs exceeding Ks-500,000 per acre.

**SMK**

# Myaung Township grows more than 10,000 acres of groundnut this year

MYAUNG September 21

Statistics of Sagaing District Agriculture Department stated that local farmers have so far planted 10,498 acres of groundnut as monsoon crops in Myaung Township of Sagaing Region.

In 2025-2026 monsoon crop cultivation season, local authorities earmarked 15,021 acres of groundnut in Myaung Township but local farmers grew 10,498 acres of crops against the target cultivation.

"In the 2025–2026 monsoon crop season, it was planned to cultivate 15,021 acres of groundnut in Myaung Township. As of today, 10,498 acres have been planted. Efforts are being made to complete the remaining acreage to meet the target. Groundnut, as an oil crop, is in a favorable condition, and cultivation in the township has been improving year by year," said Daw Thida Lwin, Head of the Sagaing District Department of Agriculture.

In Myaung Township, one and a half baskets of seed are required per acre of groundnut cultivation. The production cost per acre, including seed, labour charge, fertilizer, and pesticides, is over Ks-200,000. Each acre produces more than 50 baskets of groundnut.

This year, to ensure successful cultivation, prevent pest and disease outbreaks, and keep the fields free of weeds, staff of the Township Department of Agriculture are conducting field inspections and maintaining field-monitoring records.

**SK**

# Danubyu Township sends large volume of 90-day rice to Yangon market



DANUBYU September 21

"Local entrepreneurs from Danubyu Township of Ayeyawady Region supplied a large number of 90-day rice bags to Yangon market," said Daw Moe Moe, the owner of rice and paddy trading commodity in Danubyu Township.

From Danubyu Township, up to 60,000 bags of 90-day rice (24-pyi bags) were transported and sold to the Yangon market.

Daw Moe Moe said: "Last month, a large volume of 90-day rice bags was shipped and sold to the Yangon market. Agricultural produce and local products from Danubyu Township are mostly supplied to Yangon. The Yangon market has strong demand for the 90-day rice variety, and there are already purchase arrangements for this month as well. The rice bags are mainly transported and sold by road."

It is reported that during the past month, the 90-day rice (24-pyi bags) sold to the Yangon market fetched prices of up to Ks-98,500 per bag. With improved rice trade, farmers, traders, cargo handlers, and truck rental operators have been gaining employment and livelihood opportunities. **SK**

# Plan underway to grow more than 5,000 acres of soya bean in Katha District this year



KATHA September 21

Statistics of Katha District Agriculture Department said that local farmers will grow 5,280 acres of soya bean in coming cold season in Katha District of Sagaing Region.

For the 2025–2026 winter crop season, it is planned to cultivate a total of 5,280 acres of soya bean in Katha District—335 acres in Katha Township, 205 acres in Indaw Township, 4,605 acres in Htigyaing Township, and 135 acres in Bamauk Township.

Katha District Agriculture Department Head, U Myint Soe, said: "This year, the target for soya bean in Katha District is over 5,000 acres. Efforts will be made to fully meet the planned acreage. We will also provide awareness to prevent pest infestations. Farmers have been encouraged to secure the necessary quality seeds and informed of ways to obtain them."

In Katha District, Township Agriculture Departments are providing farmers with knowledge on using high-quality and pure seeds suitable for the region, following proper cultivation practices, preventing pest infestations, systematic use of fertilizers, and ensuring good yields.

During this crop season, in cultivating various types of pulses, the department is also working with farmers to provide good-quality and pure seeds, necessary inputs, and post-harvest technologies to improve the yield and quality of pulse crops. **SMK**

# Kalay District to grow more than 7,000 acres of cowpea in coming cold season

KALAY September 21

Local authorities earmarked cultivation of 7,189 acres of cowpea as cold season crops in Kalay District of Sagaing Region in coming cold season, according to Kalay District Agriculture Department.

For the 2025–2026 winter crop season, it is planned to cultivate a total of 7,189 acres of cowpea in Kalay District, with 5,952 acres in Kalay Township, 80 acres in Kalewa Township, and 1,157 acres in Mingin Township.

Kalay District Agriculture Department Head, U Aung, said: "This year, for the coming winter crop season, over 7,000 acres of cowpea are planned in Kalay District. Efforts will be made to fully meet the target acreage. Cowpea cultivation has been improving year by year. To ensure good yields and quality, we will work together with farmers to provide good-quality and pure seeds, necessary inputs, and post harvest techniques."

In Kalay District, farmers are cultivating cowpea varieties such as Yezin-8 and Yezin-11, which are suitable for the region and have good yields. It is learned that cultivation costs per acre amount to over Ks-300,000.

This year, during the winter crop season, for pulse cultivation, the department is cooperating with farmers to provide good-quality and pure seeds, essential inputs, and post-harvest technologies to improve yield and quality. In addition, efforts are being made to mobilize and educate lead farmers on the use of beneficial Trichoderma fungi during pulse cultivation.

Sagaing Region has the largest cultivation area for pulses in the country. Pulses are grown not only as major crops but also as intercrops, enabling farmers to grow them as profitable income-generating crops. **SK**

# More than 10,000 acres of rainfed paddy planted in Dabayin Township

DABAYIN September 21

Statistics of YeU District Agriculture Department stated that a total of 10,838 acres of rainfed paddy has been planted in Dabayin Township of Sagaing Region.

For the 2025–2026 rainy season crop period, it is planned to cultivate 120,391 acres of rainfed paddy in Dabayin Township. Planting began in June this year, and as of today, a total of 108,38 acres have already been cultivated.

"This year, more than 120,000 acres of rainfed paddy are planned for cultivation in Dabayin Township. So far, over 10,000 acres have been planted. Efforts are being made to fully meet the target acreage. Necessary techniques and quality seeds are being provided, and field-level support is given to farmers so that paddy can be planted in time," said U Zaw Myint Htwe, Head of Shwebo District Department of Agriculture.

It is reported that during this rainy season, the respective Township Department of Agriculture is cooperating with local farmers to ensure that rainfed paddy can be cultivated systematically without difficulties.

Farmers in Dabayin Township are also being provided with agricultural techniques, awareness on pest prevention, guidance to avoid crop losses, and instructions to ensure harvested paddy is stored under cover in time.

To achieve successful cultivation and good yields in this year's rainfed paddy fields in Dabayin Township, officials and staff from the Township Department of Agriculture are carrying out field supervision and providing guidance on the use of quality pure seeds, pest control, weeding and thinning, removal of inferior varieties, and systematic use of fertilizers. **SMK**

# UK, Canada and Australia recognize Palestinian state

PALASTINE September 21

On Sunday, the governments of Canada, Australia and the United Kingdom announced formal recognition of the State of Palestine.

Canada recognized the Palestinian state on Sunday as part of a "coordinated international effort to preserve the possibility of a two-state solution," Prime Minister Mark Carney said.

"Canada recognises the State of Palestine and offers our partnership in building the promise of a peaceful future for both the State of Palestine and the State of Israel. While Canada is under no illusions that this recognition is a panacea, this recognition is firmly aligned with the principles of self-determination and fundamental human rights reflected in the United Nations Charter," Carney said in a statement.

Australian Prime Minister Anthony Albanese also announced the decision to recognize the "independent and sovereign" State of Palestine.

"Effective today, Sunday the 21 September 2025, the Commonwealth of Australia formally recognizes the independent and sovereign State of Palestine," Albanese said in a joint statement with Foreign Minister Penny Wong.

UK Prime Minister Keir Starmer likewise declared recognition.

"Today, to revive the hope of peace for the Palestinians and Israelis, and a two state solution, the United Kingdom formally recognises the State of Palestine," Starmer wrote on X. **Sputnik**

# Major European airports hit by hackers – media

LONDON September 21

Several major airports across Europe have faced electronic check-in and boarding system disruptions that have led to flight cancellations and delays over the weekend. The issue has been linked to a cyberattack on the services provider, according to several media reports.



London's Heathrow, as well as airports in Berlin and Brussels, were among those affected. Seventy-three flights in those three cities were cancelled in less than two days, the Guardian reported.

More than 130 flights had been delayed at Heathrow alone as of Sunday morning, the report said, adding that Brussels airport also had to delay all 80 flights scheduled for the first half of Sunday. Dublin and Cork airports in Ireland were affected as well, according to AFP.

The disruptions started on Friday night and continued into Sunday. Brussels airport also warned that flight delays and cancellations are expected on Monday as well. The incident was blamed on a "cyberattack on the American company Collins Aerospace, the external provider of check-in and boarding systems," a statement by the airport read, adding that "it is still unclear when the issue will be resolved."

The company confirmed the episode to AFP on Saturday, saying that it had "become aware of a cyber-related disruption to our MUSE software in select airports."

The outages only affected electronic services, with manual check-ins and baggage drops still possible. The airports warned passengers about longer waiting times and urged them to check their flight status in advance.

It is still unclear who could be behind the cyberattack, as no groups claimed responsibility or made any demands. Collins Aerospace was hit by ransom-seeking hackers in 2023, Reuters reported, citing several breach-hacking websites. The company did not answer the news agency's request for comment. **RT**

# Clashes erupt at anti-corruption protests in Philippines

MANILA September 21

Almost 50,000 people took to the streets of the Philippines capital, Manila, on Sunday to protest corruption. The rally was marred by scuffles between the demonstrators and the officers.

People are angry over the mismanagement of thousands of flood-control projects in the country that cost more than US-$9.5 billion. In July, President Ferdinand Marcos Jr. established an independent commission to investigate what he called "anomalies" during their construction.

The protesters at Manila's Luneta Park waved national flags and chanted "Jail them!" as they demanded the prosecution of both officials and entrepreneurs involved in the alleged corrupt schemes.

Violence broke out at some point during the rally as some of the protesters began tossing stones at the officers and set tires on fire. The police later deployed a water cannon to disperse the crowd.

Several officers were wounded during the scuffles and required hospitalization, according to Manila's mayor. More than a dozen demonstrators were detained. **RT**



# Syrian students back to school under unified national calendar for 1st time in decade

DAMASCUS September 21

More than 4 million students across Syria returned to school on Sunday as the new academic year began, for the first time in more than a decade under a unified national calendar and education framework, according to Syria's education authorities and the United Nations Children's Fund (UNICEF) on Sunday.

The education authorities said in a statement, published by the state-run SANA news agency, that about 4.2 million students were enrolled in 12,000 schools nationwide. In the capital Damascus alone, some 250,000 students attended around 700 schools.

In a separate statement, UNICEF described the unified calendar as a step toward "a more cohesive and inclusive learning environment" in the war-torn country, adding that the UN agency, in partnership with Syria's education authorities, is supporting the "Back-to-Learning" campaign to help ensure children's right to education.

"The unified school calendar is a historic step towards equity, stability, and long-term learning pathways. We must seize this moment to reach every child, especially those who have been left behind," Meritxell Relano Arana, UNICEF representative in Syria, said in the statement.

The education authorities said that preparations for the new academic year included maintenance of school buildings, provision of classroom furniture, upgrading of water and sanitation facilities, and disinfection campaigns to secure a safe learning environment.

Despite these efforts, about 40 percent of schools nationwide remain in need of reconstruction or rehabilitation after years of conflict, with projects underway to expand access to safe and fully equipped classrooms, the authorities added.

Meanwhile, more than 2.4 million children remain out of school, while over 1 million are at risk of dropping out across the country, according to UNICEF. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# How to take care of an EV battery








To keep your electric vehicle (EV) in good condition and performing well, it’s important to take care of its battery. This means making sure the battery stays healthy over time. The battery is the main component of an electric vehicle. It stores and supplies the energy necessary to operate the electric vehicle.

By following a few simple guidelines, you can increase the health, lifespan and efficiency of your EV battery. This article will discuss the top tips for taking care of your EV battery.

**Maintain optimal charging habits**

Proper charging habits play a significant role in extending the life of an EV battery.

Here are some key points to consider:



Avoid frequently completely emptying your electric vehicle. Modern lithium-ion electric car batteries do not require to be completely empty before recharging to maintain their health. In fact, completely draining the battery can be detrimental to the battery’s lifespan. It is recommended to keep your battery percentage between 20 percent and 80 percent for regular daily driving.

Avoid leaving your electric vehicle in high or low states of charge if you are not using your EV for an extended amount of time. This can also degrade the battery’s capacity over time. If you’re planning on not using your EV for an extended period of time, it is advisable to store the electric car battery with a charge level between 40 percent and 60 percent.

Utilise your charging schedule: Many electric vehicles and charge points allow you to schedule your charging time. Taking advantage of this feature and EV-friendly tariffs allows you to charge your electric vehicle during off-peak hours when electricity prices are lower. Although this does not directly help your electric vehicle battery health, it does help to keep your charging cost low. Furthermore, charging your electric vehicle during off-peak hours reduces strain on the electrical grid and the use of fossil fuels.

**Be mindful of the temperature**

Temperature plays an important role in the performance and longevity of an EV battery. Extreme heat or cold can adversely affect an electric car’s battery capacity and overall health.

Here’s what you need to know:

Try to avoid exposing the battery to excessively high temperatures: Extended exposure to high temperatures while charging your electric vehicle, such as parking your EV in direct sunlight on a hot day, can accelerate the degradation of the battery. Charge your vehicle in shaded areas or garages to minimise heat exposure whenever possible.

Optimise temperature during charging: Charging at moderate temperatures (around 20-25°C or 68-77°F) is ideal for preserving the battery’s health. If your EV offers a thermal management system, ensure it functions correctly to maintain the battery’s temperature within the recommended range.

**The rapid charging debate**

The impact of rapid charging on batteries has been a topic of debate. However, modern electric vehicles come equipped with advanced battery management systems that regulate the energy input into the car. This technology ensures that the battery is not harmed by using rapid chargers, which means that it is safe to use rapid chargers without any detrimental effects on the battery’s health.

**Regular Maintenance and Software Updates**

To ensure optimal performance, it is essential to follow the manufacturer’s recommended maintenance schedule for your EV. This includes regular check-ups, inspections, and software updates provided by the manufacturer. Keeping your EV and its battery up to date with the latest software enhancements can help improve efficiency and address any potential issues.

**Frequently asked questions**

**1. Will I have to replace my electric vehicle battery?**

Battery replacement for an EV is rare. Of course, an EV battery, like other batteries, may reduce capacity over time. Of course, if you follow these top tips to avoid battery degradation, you can help keep your battery healthy. An EV battery is estimated to last at least 10-15 years or 100,000 miles of driving. An electric car battery often comes with a warranty, so if you have a fault with the battery, it is best to contact the warranty holder.

**2. Are EV batteries harmful to the environment?**

There is a common misconception that electric vehicle (EV) batteries end up in landfills, but this is false. EV batteries can have a second life and be repurposed as energy storage solutions, such as for solar panels. This can extend the lifespan of a battery by up to 10-15 years!

**Summary**

Taking care of your EV battery condition is vital for its longevity and performance. By following these guidelines, including maintaining optimal charging habits, being mindful of temperature, avoiding rapid charging whenever possible, and staying up to date with maintenance and software updates, you can ensure that your EV battery remains in excellent condition. Remember, a well-cared-for battery will not only provide you with a longer driving range but also help you contribute to a sustainable and greener future. **R.C**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ကြည်းတပ်သုံးမောင်းသူမဲ့ယာဉ်များ

တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကျင်းပခဲ့သော တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားတွင် ခေတ်မီတိုက်ယာဉ်များအပြင် ကြည်းတပ်သုံး မောင်းသူမဲ့ယာဉ်များကိုလည်း ထုတ်ဖော်ပြသခဲ့ပါသည်။

ယနေ့ခေတ်၏ခေတ်သစ်စစ်မြေပြင်များသည် ရှုပ်ထွေးလွန်းလှပြီး လူသားစစ်သည်တို့အတွက် အလွန်အန္တရာယ်များလှသည့် အနေအထားများတွင်ဖြစ်ပေါ်လျက်ရှိနေပါသည်။ ယနေ့ခေတ်သစ်စစ်မြေပြင်သည် လူသားစစ်သည်တို့အတွက်အတိတ်ကာလများကထက် ဘက်ပေါင်းစုံမှခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရပြီဖြစ်သည့်အတွက် လူလိုက်ပါခြင်းမရှိသည့် ယာဉ်များအသုံးပြုခြင်းဖြင့် တပ်ဖွဲ့အင်အားဆုံးရှုံးမှုကို များစွာသက်သာစေမည်ဖြစ်ပါသည်။


ထို့ကြောင့် ကင်းထောက်ခြင်း၊ တိုက်ခိုက်ခြင်းနှင့် အကူပေးခြင်းလုပ်ငန်းများတွင် မောင်းသူမဲ့ယာဉ်များကိုအသုံးပြုနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများကအပြိုင်အဆိုင်ကြိုးပမ်းတီထွင်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အနေဖြင့်လည်း မောင်းသူမဲ့ယာဉ်များတီထွင်ထုတ်လုပ်အသုံးပြုခြင်းကဏ္ဍတွင် များစွာပင်တိုးတက်ခေတ်မီလာလျက်ရှိကြောင်းကို ယခုစစ်ရေးပြအခမ်းအနားတွင် တွေ့နိုင်မည်ဖြစ်ပါသည်။ ယခုစစ်ရေးပြအခမ်းအနားတွင် ထုတ်ဖော်ပြသခဲ့သည့် ကြည်းတပ်သုံးမောင်းသူမဲ့ယာဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### မောင်းသူမဲ့အကူပေးယာဉ်

စစ်ရေးပြအခမ်းအနားတွင်ပြသခဲ့သည့် မောင်းသူမဲ့အကူပေးယာဉ်သည် ရှေ့တန်းစစ်မြေပြင်တွင် တိုက်ပွဲဝင်နေသည့် တိုက်ခိုက်ရေးတပ်ဖွဲ့များအတွက် လိုအပ်သောပြန်လည်ဖြည့်တင်းခြင်းလုပ်ငန်းများနှင့် ထိခိုက်ဒဏ်ရာရရှိသူများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းခြင်းများဆောင်ရွက်နိုင်ရန် တီထွင်ထားခြင်းဖြစ်ပြီး အဆိုပါမောင်းသူမဲ့အကူပေးယာဉ်ကို အသုံးပြုခြင်းအားဖြင့် မိမိတိုက်ခိုက်ရေးတပ်ဖွဲ့များအပေါ် ဖြစ်ပေါ်လာနိုင်မည့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာဝန်ထုပ်ဝန်ပိုးများကို များစွာလျှော့ချပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် အဆိုပါမောင်းသူမဲ့အကူပေးယာဉ်ပေါ်၌ ဒရုန်းတစ်စင်းတပ်ဆင်ထားသည်ကိုလည်းတွေ့ရှိရသည့်အတွက် စစ်မြေပြင်ကင်းထောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

### ချိန်းတပ်မောင်းသူမဲ့တိုက်ယာဉ်

စစ်ရေးပြအခမ်းအနားတွင်ပါဝင်ပြသခဲ့သည့် မောင်းသူမဲ့ယာဉ်များအနက် တိုက်ခိုက်ရေးကဏ္ဍအတွက်ထုတ်ဖော်ပြသခဲ့သည့် မောင်းသူမဲ့တိုက်ယာဉ်များလည်း ပါဝင်ခဲ့ပါသည်၊ အဆိုပါပြသခဲ့သည့် ချိန်းတပ်မောင်းသူမဲ့တိုက်ယာဉ်တွင် ၁၂ ဒသမ ၇ မီလီမီတာ စက်သေနတ်နှင့် တင့်ဖျက်ပွဲထိန်းဒုံးများကို တပ်ဆင်ထားဖွယ်ရှိသည့်အတွက် ကင်းထောက်ခြင်းနှင့် ရန်သူ့သံချပ်ကာပစ်မှတ်များကို ချေမှုန်းပစ်ခတ်နိုင်ဖွယ်ရှိပါသည်။



စစ်ရေးပြအခမ်းအနားတွင် ထုတ်ဖော်ပြသခဲ့သည့် ဝံပုလွေစက်ရုပ်

### ဘီးတပ်မောင်းသူမဲ့တိုက်ယာဉ်

စစ်ရေးပြအခမ်းအနားတွင် ဘီးတပ်မောင်းသူမဲ့တိုက်ယာဉ်ကိုလည်း ထုတ်ဖော်ပြသခဲ့ပါသည်၊ ၎င်းဘီးတပ်မောင်းသူမဲ့တိုက်ယာဉ်အနေဖြင့် ချိန်းတပ်မောင်းသူမဲ့တိုက်ယာဉ်ကဲ့သို့ပင် ကင်းထောက်ခြင်းနှင့် တိုက်ခိုက်ရေးလုပ်ငန်းတာဝန်များတွင် အသုံးချနိုင်မည်ဖြစ်ပါသည်။ တိုက်ယာဉ်တွင်တွေ့ရှိရသည့် လက်နက်တပ်ဆင်မှုအနေအထားအရ ၇ ဒသမ ၆၂ မီလီမီတာ စက်သေနတ်နှင့် တင့်ဖျက်ပွဲထိန်းဒုံးများတပ်ဆင်ထားသည်ကို တွေ့ရှိရသည့်အတွက် အပျော့ထည်ပစ်မှတ်များနှင့် သံချပ်ကာပစ်မှတ်များကိုပစ်ခတ်ချေမှုန်းနိုင်ရေးရည်ရွယ်ထားဖွယ်ရှိပါသည်။

### ဝံပုလွေစက်ရုပ်

စစ်ရေးပြအခမ်းအနားတွင် စစ်သုံးစက်ရုပ်တစ်ခုအနေဖြင့် ဝံပုလွေစက်ရုပ်ကို မောင်းသူမဲ့အကူပေးယာဉ်ပေါ်တွင် တင်ဆောင်၍ ထုတ်ဖော်ပြသခဲ့ပါသည်။ ၎င်းဝံပုလွေစက်ရုပ်အား စစ်မြေပြင်၌ လူသားစစ်သည်များအတွက်အန္တရာယ်များသည့်အနေအထားများတွင် ကင်းထောက်ခြင်းလုပ်ငန်းတာဝန်များကို အဓိကဆောင်ရွက်နိုင်စေရန်တီထွင်ထားခြင်းဖြစ်သည့်အပြင် လျှောင်ဘေးကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်သည့် နေရာများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးခြင်းလုပ်ငန်းများ၌ လူသားများဝင်ရောက်နိုင်ခြင်းမရှိသည့် တစ်နည်းအားဖြင့် လူသားများအတွက် အန္တရာယ်များသည့်နေရာများတွင် ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်သည့် စက်ရုပ်ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းစက်ရုပ်သည် စစ်မြေပြင်တွင်သာမက အရပ်ဘက်အကျိုးပြုလုပ်ငန်းများတွင်လည်း ထိရောက်စွာအသုံးပြုနိုင်သည့် စက်ရုပ်ဖြစ်ပါသည်။




စစ်ရေးပြအခမ်းအနားတွင် ထုတ်ဖော်ပြသခဲ့သည့် ဘီးတပ်မောင်းသူမဲ့တိုက်ယာဉ်

### မောင်းသူမဲ့မိုင်းရှင်းယာဉ်

စစ်ရေးပြအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် အခြားမောင်းသူမဲ့တိုက်ယာဉ်များအပြင် မောင်းသူမဲ့မိုင်းရှင်းလင်းရေးယာဉ်ကိုလည်း ထုတ်ဖော်ပြသခဲ့ပါသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အနေဖြင့် မောင်းသူမဲ့မိုင်းရှင်းယာဉ်များကို ၂၀၁၉ ခုနှစ်ခန့်ကတည်းက စတင်အသုံးပြုလျက်ရှိနေခဲ့သော်လည်း ယခုထုတ်ဖော်ပြသခဲ့သည့် မောင်းသူမဲ့မိုင်းရှင်းယာဉ်မှာ ယခင်မောင်းသူမဲ့မိုင်းရှင်းယာဉ်ကို အဆင့်မြှင့်တင်မှုများပြုလုပ်ထားသည့် မျိုးကွဲအသစ်ဖြစ်ဖွယ်ရှိပါသည်။

စစ်ရေးပြအခမ်းအနားတွင်ပြသခဲ့သည့် မောင်းသူမဲ့မိုင်းရှင်းယာဉ်သည် မြေမြှုပ်မိုင်းများကို ထောက်လှမ်းရှာဖွေခြင်း၊ အမျိုးအစားခွဲခြင်းနှင့် ရှင်းလင်းခြင်းများကို လူလိုက်ပါခြင်းမရှိဘဲ ဆောင်ရွက်နိုင်သည့် ယာဉ်အမျိုးအစားဖြစ်ပါသည်။ ၎င်းမောင်းသူမဲ့မိုင်းရှင်းယာဉ်တွင် အာရုံခံကိရိယာများ၊ ရေဒါနှင့် သတ္တုထောက်လှမ်းရေးကိရိယာများကို တပ်ဆင်ထားသည့်အတွက် မြေပြင်တွင်မြှုပ်ထားသည့် မိုင်းများကို ထောက်လှမ်းနိုင်ပြီး မိုင်းတည်နေရာနှင့် အမျိုးအစားများကို အမှတ်အသားပြုလုပ်ပေးနိုင်သည့်ယာဉ်ဖြစ်ပါသည်။

စက်ရုပ်လက်တံနှင့် အခြားပစ္စည်းကိရိယာများကို တပ်ဆင်အသုံးပြုထားသည့်အတွက် ထိုမောင်းသူမဲ့မိုင်းရှင်းယာဉ်သည် မြေမြှုပ်မိုင်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာဖောက်ခွဲခြင်း၊ ဖျက်ဆီးခြင်းနှင့် ရှင်းလင်းဖယ်ရှားခြင်းများဆောင်ရွက်နိုင်ကာ မြေမြှုပ်မိုင်းများကြောင့်ဖြစ်ပေါ်လာမည့်ခြိမ်းခြောက်မှုများနှင့် ထိခိုက်ပျက်စီးမှုများကိုလည်း လျှော့ချပေးနိုင်စေမည်ဖြစ်ပါသည်။

Ref: Satuav

**သူရိန်**

---

# အမေရိကန်လွှတ်တော်အမတ်များ ရှားပါးခရီးစဉ်အဖြစ် တရုတ်နိုင်ငံသို့ သွားရောက်

ဝါရှင်တန်၊ နိုင်ငံရေး

အမေရိကန် အောက်လွှတ်တော်မှ လွှတ်တော်အမတ်များသည် ရှားပါးခရီးစဉ်အဖြစ် စက်တင်ဘာလ ၂၁ ရက်တွင် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ကြောင်းသိရသည်။

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့က နှစ်နိုင်ငံကြား ဆက်ဆံရေးပြန်လည်ပြေလည်စေရန်ကြိုးပမ်းမှုများလုပ်ဆောင်နေစဉ် အမေရိကန်လွှတ်တော်အမတ်များ၏ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ်နောက်ပိုင်း ပထမဆုံးဖြစ်သည့် အမေရိကန်ပါတီနှစ်ခုစလုံးမှလွှတ်တော်ကိုယ်စားလှယ်များ၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်နိုင်ငံဝန်ကြီးချုပ်နှင့်တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံးကထုတ်ပြန်ထားသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့က စက်တင်ဘာလ ၁၉ ရက်တွင် တယ်လီဖုန်းဆက်ဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် အမေရိကန်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့က ယခုခရီးစဉ်ကိုသွားရောက်ခြင်းဖြစ်သည်။

ထရမ့်နှင့်ရှီကျင့်ဖျင်တို့ကြား တယ်လီဖုန်းဆက်ဆွေးနွေးစဉ် TikTok သဘောတူညီချက်နှင့်ပတ်သက်၍ တိုးတက်မှုများရရှိကြောင်း၊ နှစ်နိုင်ငံကြားကုန်သွယ်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ ယူကရိန်းအရေးတို့နှင့်ပတ်သက်၍ လာမည့်သီတင်းပတ်ခြောက်ပတ်အတွင်း တောင်ကိုရီးယားနိုင်ငံ၌ သမ္မတနှစ်ဦးကမျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးသွားမည်ဟုပြောထားသည်။

ယခုလွှတ်တော်အမတ်များပါဝင်သောကိုယ်စားလှယ်အဖွဲ့ကို လွှတ်တော်၏ လက်နက်ကိုင်တပ်ဖွဲ့များကော်မတီဥက္ကဋ္ဌ ဟောင်း အာဒမ်စမစ်ကဦးဆောင်လာကြောင်း သိရသည်။

Ref: RTA

## ဒိုဟာတွင်လုပ်သည့် တိုက်ခိုက်မှုအတွက် အစ္စရေး၏ တောင်းပန်မှုကို ကာတာအလိုရှိ

ဒိုဟာ၊ သံတမန်ရေး

ကာတာနိုင်ငံ ဒိုဟာမြို့၌လုပ်ဆောင်ခဲ့သည့်ဟားမက်အဖွဲ့အပေါ် အစ္စရေးအစိုးရ၏ တိုက်ခိုက်မှုအတွက် ကာတာအစိုးရက အစ္စရေး၏တောင်းပန်မှုကို အလိုရှိကြောင်း ခိုင်လုံသော သတင်းအရင်းအမြစ်များ၏ ပြောဆိုချက်ကိုကိုးကား၍ Axio သတင်းဌာနက ဖော်ပြထားသည်။

အစ္စရေးအစိုးရသည် ဒိုဟာတိုက်ခိုက်မှု လုပ်ဆောင်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲအကျိုးဆက်များကို လျှော့တွက်ခဲ့ကြောင်း၊ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုအနေဖြင့် အဆိုပါ တိုက်ခိုက်မှုလုပ်ဆောင်ခြင်းနှင့် ပတ်သက်၍အတွက်အချက်များခဲ့ကြောင်း အကြီးတန်း အစ္စရေးတာဝန်ရှိသူတစ်ဦးက ပြောသည်ဟု သတင်းဌာနက ဆက်လက်ဖော်ပြထားသည်။

အစ္စရေးသည် စက်တင်ဘာလ ၉ ရက်တွင် ကာတာနိုင်ငံ ဒိုဟာမြို့၏လူနေရပ်ကွက်တစ်ခုအတွင်းရှိ အဆောက်အအုံတစ်လုံးကို တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ထိုအဆောက်အအုံ၌ ဟားမက်၏ ကိုယ်စားလှယ်အဖွဲ့က ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးမှုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။ Ref: Sputnik

## တောင်ကိုရီးယားသမ္မတက ခေတ်မီပြီးအမှီအခိုကင်းသော တပ်မတော်တစ်ရပ်ထူထောင်သွားမည်ဟု ကတိပြု



ဆိုး၊ ပြည်တွင်းရေး

တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က ကာကွယ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများစွာကိုလုပ်ဆောင်၍ ခေတ်မီပြီး အမှီအခိုကင်းသော တပ်မတော်တစ်ရပ်ကို ထူထောင်သွားမည်ဖြစ်ကြောင်း စက်တင်ဘာလ ၂၁ ရက်တွင် ကတိပြုလိုက်သည်။

"လက်ရှိဖြစ်ပေါ်နေတဲ့ လူဦးရေအချိုးအစားအရ အနာဂတ်မှာတပ်ဖွဲ့ဝင်အင်အားနည်းပါးလာနိုင်ပါတယ်။ ဒါပေမဲ့တစ်မြို့ပြည့် စစ်သည်အင်အားနဲ့ နိုင်းယှဉ်လိုက်မယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့ကာကွယ်ရေးစွမ်းရည်များနဲ့ပတ်သက်ပြီး စိုးရိမ်ဖို့မလိုပါဘူး" ဟု လီဂျေးမြောင်က လူမှုကွန်ရက်တွင်ရေးထားသည်။

ထို့ပြင် ဉာဏ်ရည်တု(AI)နည်းပညာသုံးတိုက်ခိုက်ရေးစက်ရုပ်များ၊ မောင်းသူမဲ့ဒရုန်းများ၊ တိကျမှုရှိသောတိုက်ခိုက်ရေးစွမ်းပကားများနှင့် ခံစစ်သဘောဆောင်သော ဒုံးကျည်စနစ်များအသုံးပြုထားသည့် စစ်သည်အင်အား ၅၀ ခန့်သည် ရန်သူ့အင်အားထောင်ပေါင်းများစွာကို ထိန်းချုပ်နိုင်စွမ်းရှိကြောင်း၊ ထို့ကြောင့် ခေတ်မီပြီး စွမ်းဆောင်ရည်မြင့်မားသော အဆင့်မြင့်နည်းပညာများအသုံးပြုသည့် တပ်မတော်တစ်ရပ်ကိုထူထောင်သွားမည်ဖြစ်ကြောင်း လီဂျေးမြောင်က ပြောထားသည်။

အလားတူ ကာကွယ်ရေးအသုံးစရိတ်ကို တိုးမြှင့်သုံးစွဲရန်နှင့် နိုင်ငံအတွင်းရှိ ကာကွယ်ရေးစက်မှုလုပ်ငန်းများစွာကိုလည်း ထောက်ပံ့မှုများပေးသွားရန် တိုက်တွန်းထားသည်။

ထို့အတူ မည်သည့်အခါကျူးကျော်ခြင်းဒဏ်မခံရစေသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာစေရေးအတွက် လုံခြုံရေးအရသံတမန်ရေးကိုလည်း ထူထောင်သွားရမည်ဖြစ်ကြောင်း လီဂျေးမြောင်က ဆက်ပြောသည်။

တောင်ကိုရီးယားတပ်မတော်အနေဖြင့် အချိန်မရွေးဆင့်ခေါ်နိုင်သည့် အရန်အင်အား ၂ ဒသမ ၆ သန်းကို ပိုင်ဆိုင်ထားကာ ကမ္ဘာ့ကာကွယ်ရေးစွမ်းရည်တွင်လည်း အဆင့် ၅ ရှိကြောင်းသိရသည်။ Ref: YH

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အာဖဂန်နစ္စတန်ရှိ ဘာဂရမ်စခန်းကို ပြန်တောင်းဆို

ဝါရှင်တန်၊ စစ်ရေး

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိအမေရိကန်စစ်သည်များအခြေချခဲ့သော ဘာဂရမ်လေတပ်စခန်းကို ပြန်လည်တောင်းဆိုလိုက်ကြောင်းနှင့် တာလီဘန်အစိုးရအဖွဲ့အနေဖြင့် ယင်းလေတပ်စခန်းကိုပြန်ပေးရန် ပျက်ကွက်ပါက လက်တုံ့ပြန်မှုနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း သတိပေးလိုက်သည်ဟုသိရသည်။

အမေရိကန်သည် အာဖဂန်နစ္စတန်၌ နှစ်ပေါင်း ၂၀ ကြာတည်ရှိခဲ့မှုကို ၂၀၂၁ ခုနှစ်တွင်အဆုံးသတ်လိုက်ခြင်းဖြစ်ပြီး ဘာဂရမ်လေတပ်စခန်းကို ယင်းနှစ် ဇူလိုင်လတွင် ပိတ်သိမ်းခဲ့ခြင်းဖြစ်သည်။ ထို့နောက် ယင်းစခန်းကို ပြန်လည်တောင်းခံလာခြင်းဖြစ်သည်။

"တကယ်လို့ အာဖဂန်နစ္စတန်အစိုးရက အဲဒီလေတပ်စခန်းကိုတည်ဆောက်ခဲ့တဲ့ အမေရိကန်နိုင်ငံဆီ ပြန်မပေးဘူးဆိုရင် မကောင်းတာတွေဖြစ်လာပါလိမ့်မယ်" ဟု ထရမ့်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာ၌ စက်တင်ဘာလ ၂၀ ရက်တွင်ရေးထားခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်အစိုးရကမူ နိုင်ငံအတွင်းသို့ အမေရိကန်တပ်ဖွဲ့များပြန်ဝင်လာမည်ကို မလိုလားကြောင်းထုတ်ပြန်ထားသည်ဟုသိရသည်။ Ref: RT

## ပြည်တွင်းဥပဒေကို ကမ္ဘောဒီးယားပြည်သူများအပေါ်ကျင့်သုံးသည်ဟူသော ကမ္ဘောဒီးယား၏ပြောဆိုမှုကို ထိုင်းတပ်မတော်ကငြင်းဆို

ဘန်ကောက်၊ စစ်ရေး

ထိုင်းနိုင်ငံအနေဖြင့် ပြည်တွင်းဥပဒေကို ပိုင်နက်အငြင်းပွားနယ်စပ်ရှိ ကမ္ဘောဒီးယားပြည်သူများအပေါ် တရားမဝင်ကျင့်သုံးနေသည်ဟူသော ကမ္ဘောဒီးယားအစိုးရ၏ပြောဆိုမှုကို ထိုင်းတော်ဝင်တပ်မတော်က စက်တင်ဘာလ ၂၁ ရက်တွင် ငြင်းဆိုလိုက်ကြောင်းသိရသည်။

ထိုင်းနိုင်ငံသည်ချောင်ချေးနှင့်ပရေးချန်း ကျေးရွာတို့ရှိ ကမ္ဘောဒီးယားပြည်သူများအပေါ် ထိုင်းနိုင်ငံ၏ဥပဒေအရကျင့်သုံးခွင့်ရှိသည်ဟုပြောထားကြောင်းနှင့် ယင်းသို့ပြောဆိုမှုကိုကန့်ကွက်ကြောင်း ကမ္ဘောဒီးယားအစိုးရက ထုတ်ပြန်ပြီးနောက် ထိုင်းတပ်မတော်ကယခုကဲ့သို့တုံ့ပြန်လာခြင်းဖြစ်သည်။ ထို့ပြင် ထိုင်းနိုင်ငံ၏လုပ်ဆောင်ချက်များသည် ကုလသမဂ္ဂ၏ပဋိညာဉ်၊ မြေပြင်နယ်နိမိတ်ပိုင်းခြားသတ်မှတ်ခြင်းနားလည်မှုစာချွန်လွှာတို့ကို ချိုးဖောက်ရာရောက်ကြောင်းနှင့် ပူးတွဲနယ်စပ်ရေးရာကော်မရှင်၏လုပ်ပိုင်ခွင့်အာဏာကို လျှော့နည်းစေကြောင်း ကမ္ဘောဒီးယားအစိုးရက ပြောထားသည်။

သို့သော် ထိုင်းနိုင်ငံအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ပြောဆိုချက်များကိုငြင်းဆိုကြောင်း၊ ထိုင်းနိုင်ငံသည် နိုင်ငံ၏နယ်နိမိတ်အတွင်းရှိ လူတိုင်းအပေါ် ပြည်တွင်းဥပဒေစိုးမိုးစေရန် လုပ်ပိုင်ခွင့်နှင့်လုပ်ဆောင်ရန်တာဝန်ရှိကြောင်း၊ ထိုအချက်ကို တစ်ကမ္ဘာလုံးက လက်ခံထားကြောင်း၊ ကမ္ဘောဒီးယားဘက်ကပြောဆိုသွားသည့် နေရာများသည် ထိုင်းနိုင်ငံ၏အချုပ်အခြာအာဏာအတွင်းရှိကြောင်း၊ နှစ်နိုင်ငံကြားပိုင်နက်အငြင်းပွားနေသည့်နေရာမဟုတ်ကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံကသာ ပြည်သူများကိုအသုံးချကာ ကုလသမဂ္ဂပဋိညာဉ်ကိုချိုးဖောက်နေခြင်းဖြစ်ကြောင်း ထိုင်းတပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဝင်ထိုင်းဆူရာဝီကပြောသည်။ Ref: ST



## အလွန်အားပြင်းမုန်တိုင်းနီးကပ်လာသည့်အတွက် ဖိလစ်ပိုင်၌ ရွှေ့ပြောင်းကယ်ဆယ်ရေးလုပ်



မနီလာ၊ သဘာဝဘေး

ဖိလစ်ပိုင်ပင်လယ်အတွင်းဖြစ်ပေါ်နေသော အလွန်အားပြင်းမုန်တိုင်းတစ်လုံးဖြစ်သည့် ရာဂါဆာသည် ကုန်းတွင်းပိုင်းသို့ နီးကပ်လာသည့်အတွက် ဖိလစ်ပိုင်နိုင်ငံ၌ စက်တင်ဘာလ ၂၁ ရက်တွင် ရွှေ့ပြောင်းကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်နေကြောင်းသိရသည်။

အဆိုပါမုန်တိုင်းသည် အလွန်လျင်မြန်စွာအားကောင်းကာ လူဦးရေထူထပ်သော ဘာတာနီး သို့မဟုတ် ဘာဘူယန်ကျွန်းသို့ စက်တင်ဘာလ ၂၃ ရက်တွင် ဝင်ရောက်နိုင်ကြောင်း ဖိလစ်ပိုင်မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

ဒေသစံတော်ချိန် နံနက် ၁၁ နာရီအချိန် တိုင်းတာချက်များအရ မုန်တိုင်းဗဟိုချက်လေတိုက်နှုန်းသည် တစ်နာရီလျှင် ၁၈၅ ကီလိုမီတာအထိရှိကြောင်း၊ မုန်တိုင်းသည် အနောက်ဘက်သို့ဦးတည်ရွေ့လျားလာနေကြောင်းနှင့် နိုင်ငံအတွင်းမြေပြိုမှုများဖြစ်ပွားနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်ဟုသိရသည်။ Ref: ST

# (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော်  စက်တင်ဘာ ၂၁**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ကျော်ကျော်ဟန်ဦးဆောင်ပြီး တပ်ဖွဲ့ဝင်အင်အား ၂၁၄ ဦး၊ စာရေးဝန်ထမ်း ၃ ဦးနှင့် မိသားစုဝင် ၄၀ ဦး၊ စုစုပေါင်း ၂၅၇ ဦးတို့က ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့၊ ရွှေဘုန်းပွင့်ဘုရား၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။ ထို့နောက် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးနှင့်ဇနီးတို့က ကော်ဖီ၊ ကောက်ညှင်းပေါင်း၊ အကြော်၊ ရေသန့်ဘူးတို့ဖြင့် ကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များက တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရား၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



## ၂၀၂၅ ခုနှစ် စက်တင်ဘာလ (တတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၂၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၁ ရက်မှ ၂၅ ရက်အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာလ ၂၆ ရက်မှ ၃၀ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၉ ဒီဂရီဖာရင်ဟိုက်မှ ၇၈ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၉ ဒီဂရီဖာရင်ဟိုက်မှ ၈၈ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၉ ဒီဂရီဖာရင်ဟိုက်မှ ၉၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၈ ဒီဂရီဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၈၆ ရာခိုင်နှုန်းမှ ၉၅ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၂၀ မီလီမီတာမှ ၃၁ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၃၂ မီလီမီတာမှ ၄၃ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

မကွေးတိုင်းဒေသကြီးတွင် (ခြောက်သွေ့) အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီးရှိနိုင်သည်။

(မိုး/ဇလ)

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၆၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော်  စက်တင်ဘာ ၂၁**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသောစားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာလ ၂၂ ရက်မှ ၂၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၆၁၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းသိရှိရသည်။ မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၉၅ | ၃၀၀၅ | ၂၉၇၅ | ၂၉၃၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၄၅ | ၂၉၆၅ | ၄၅၀၅ | ၃၂၆၀ | ၂၉၈၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၂၀ | ၃၀၄၀ | ၃၂၉၅ |
| 95 Ron | ၂၉၇၀ | ၃၀၈၅ | ၃၀၅၀ | ၂၉၈၅ | ၃၀၉၀ | ၃၁၀၅ | ၃၁၂၀ | ၃၀၄၀ | ၄၅၆၀ | ၃၃၃၅ | ၃၀၆၀ | ၃၀၆၀ | ၃၁၃၀ | ၃၀၉၅ | ၃၁၁၅ | ၃၃၇၅ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၉၀ | ၂၆၅၅ | ၂၅၉၀ | ၂၆၉၅ | ၂၇၁၀ | ၂၇၃၀ | ၂၆၄၅ | - | ၂၉၄၀ | ၂၆၆၅ | ၂၆၆၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၂၀ | ၂၉၈၀ |
| HSD (50 ppm) | ၃၁၇၀ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၁၇၀ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | - | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၂၇ | ၂၈၁၅ |
| 95 Ron | ၂၈၀၁ | ၂၈၉၁ |
| HSD (500 ppm) | ၂၄၁၉ | ၂၄၉၇ |
| HSD (50 ppm) | ၂၉၉၇ | ၃၀၈၇ |
| HSD (10 ppm) | ၂၉၉၇ | ၃၀၈၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇


၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**


# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များဖမ်းဆီးရမိ



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



အကောက်ခွန်ဦးစီးဌာန၏ ဖမ်းဆီးရမိမှု။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။



အကောက်ခွန်ဦးစီးဌာန၏ ဖမ်းဆီးရမိမှု။

နေပြည်တော် စက်တင်ဘာ ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၂ ရက်**နှင့် ၁၄ ရက်တို့တွင် လယ်ဝေးမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး နှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၈ ရက်**တွင် ဘားအံမြို့၊ သာယာကုန်းကျေးရွာအနီး ဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃၈)မျိုး၊ စားသောက်ကုန်ပစ္စည်း (၄)မျိုး၊ လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၆၅၄၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့၊ အိန္ဒူကျေးရွာ၊ ရွှေသရက်ပင်ကြီး စားသောက်ဆိုင်ရှိ ဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂၇)မျိုး၊ လူသုံးကုန်ပစ္စည်း (၂၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၉၁၀၆၅၀၀)ကိုလည်းကောင်း၊ ဘားအံမြို့၊ ထီးပို့ကလို့ကျေးရွာအနီးရှိ ဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၉၂၇၄၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၃၆၈၇၉၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၆ ရက်**တွင် ဘုရားကြီးမြို့နယ်အတွင်း၌ တရားမဝင် သစ်မာ( သုည ဒသမ ၈၃၅)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၇၉၃၆)**ကိုဖမ်းဆီးရမိခဲ့ပြီးသစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၇ ရက်**တွင်မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၈)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၆ ရက်**တွင် ရပ်စောက်မြို့နယ်၊ ကောင်းဘို့ကျေးရွာအနီး၌ မော်တော်ယာဉ် (၂၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၆၉၁)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၄၅)မျိုး၊ စားသောက်ကုန်ပစ္စည်း(၄၅)မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း(၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၆၄၄၅၀၉၂) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁၀)စီး၊ Nissan Diesel Truck(၆)စီး၊ Hino Profia Truck (၄)စီး၊ Mitsubishi Canter Truck (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအနီး၌ မော်တော်ယာဉ် (၁၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၃၄)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၂၇)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၆၁၈၈၉၆၆၉၉) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Charm Truck (၁)စီး၊ Nissan Diesel Truck (၁)စီး၊ Hino Profia Truck (၁)စီး၊ Doh Shwe Myanmar Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး၊ Dong Feng Tractor Head (၃)စီး၊ Man Tractor Head (၁)စီး၊ Howo Sino Tractor Head (၁)စီး၊ Nissan UD Tractor Head (၁)စီး၊ Gemlyon Tractor Head (၁)စီး၊ Cheng Long Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁၀)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စက်တင်ဘာလ ၁၇ ရက်**တွင် ပင်လုံမြို့၊ ရပ်ကွက် (၂)ရှိ ဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကိုလည်းကောင်း၊ **စက်တင်ဘာလ ၁၈ ရက်**တွင် ပင်လုံ-လဲချားသွားကားလမ်း၊ မိုင်တိုင်အမှတ် (၂/၁)နှင့် (၃/၀) အနီး၌မော်တော်ယာဉ်(၃)စီးပေါ်မှတရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်စားသောက်ကုန်ပစ္စည်း(၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၂၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ဟိုပုံးမြို့နယ်အတွင်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Van (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၃၂၅၆၇၉၁)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၉ ရက်**တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၃၁၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၅၂၀၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Toyota Hiace Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၆၀၆၂၅၂၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်မှ ၁၉ ရက်အထိ ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၃၆)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၄၄၃၃၇၈၂၇)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Naing Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်နေ နိုင်ဝင်း(ခ)ဘော်နီအာမိန်းအား ညနေ ၅ နာရီ မိနစ် ၅၀ တွင် သန်လျင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## စပိန်လာလီဂါက ကလပ်အသင်းများ၏ အသုံးစရိတ်ကန့်သတ်မှုကို တရားဝင်ကြေညာခဲ့ပြီး ဘာစီလိုနာအသင်း အသုံးစရိတ်ထပ်မံလျှော့ချကန့်သတ်ခံရသော်လည်း ရီးယဲလ်မက်ဒရစ်အသင်းက တိုးမြှင့်ရရှိ



မက်ဒရစ် စက်တင်ဘာ ၂၁

စပိန်လာလီဂါသည် နိုင်ငံအတွင်း ကလပ်အသင်းများ၏ အသုံးစရိတ်ကန့်သတ်မှုကို တရားဝင်ကြေညာခဲ့ပြီး စပိန်လာလီဂါလက်ရှိချန်ပီယံ ဘာစီလိုနာအသင်းက အသုံးစရိတ် ထပ်မံလျှော့ချကန့်သတ်ခံရသော်လည်း ရီးယဲလ်မက်ဒရစ်အသင်းက အသုံးစရိတ်တိုးမြှင့်ရရှိလာကြောင်း သိရသည်။

စပိန်လာလီဂါသည် လက်ရှိအချိန်တွင် ဘာစီလိုနာအသင်း၏ အသုံးစရိတ်လျှော့ချကန့်သတ်မှုကို ယူရို ၃၅၁ သန်းဖြင့် ကန့်သတ်ခဲ့ခြင်းဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်း၏ အသုံးစရိတ်ကန့်သတ်မှုအား ယူရို ၇၆၁ သန်းအထိ နှစ်ဆတိုးမြှင့်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် ငွေကြေးသုံးစွဲမှု ပိုမိုတိုးမြှင့်ရရှိလာခြင်းဖြစ်ကာ ကြွေးမြီများရှိနေသည့် ဘာစီလိုနာအသင်းသည် နောက်ဆုံးအကြိမ်အဖြစ် ဖေဖော်ဝါရီလအတွင်း ငွေကြေးကန့်သတ်ခံခဲ့ရပြီးနောက် ယခုအခါ ဒုတိယအကြိမ် ထပ်မံလျှော့ချကန့်သတ်မှုကို တွေ့ကြုံခဲ့ရခြင်းဖြစ်သည်။

ထို့ပြင် ဘာစီလိုနာနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ကြား အသုံးစရိတ်ကန့်သတ်ခံရမှုမှာ လွန်စွာကွာခြားမှုရှိလာခြင်းကြောင့် လာမည့်ကစားသမားအပြောင်းအရွှေ့ကာလတွင် အဆိုပါအသင်းများကြား ကစားသမားခေါ်ယူဖြည့်တင်းမှု များမှာလည်း ပိုမိုစိတ်ဝင်စားဖွယ်ရာဖြစ်လာနိုင်ကြောင်း သိရသည်။

စပိန်လာလီဂါ၏ အသုံးစရိတ်ကန့်သတ်မှုသည် နိုင်ငံအတွင်းရှိ ကလပ်အသင်းတစ်သင်း၏အားကစားဆိုင်ရာဝန်ထမ်းများ၊ ကစားသမားများ၊ နည်းပြများ၊ လူငယ်အသင်းများအတွက် စုစုပေါင်းအသုံးစရိတ်ကန့်သတ်မှုဖြစ်သည့်အပြင် လုပ်ခလစာအသုံးစရိတ်များ၊ ပြောင်းရွှေ့ကြေး၊ အေးဂျင့်ကော်မရှင်ခ၊ အပိုဆုကြေးငွေနှင့် တခြားအသုံးစရိတ်များလည်း ပါဝင်ခဲ့ပြီး ကလပ်၏ ဝင်ငွေ၊ အသုံးစရိတ်၊ အကြွေးပေးချေမှုတို့ကို တွက်ချက်ကာ ရေရှည်အတွက် ဘဏ္ဍာရေးဟန်ချက်ညီစေရန် ထိန်းချုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

*Ref; Goal.com*

## ဘာလွန်ဒီအောဆုအတွက် ရေပန်းအစားဆုံးကစားသမားအဖြစ် ဒမ်ဘီလီ ထိပ်ဆုံးမှရပ်တည်နေ

ပါရီ စက်တင်ဘာ ၂၁

ဘာလွန်ဒီအောဆုအတွက် ရေပန်းအစားဆုံးကစားသမားစာရင်းတွင် ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး ဒမ်ဘီလီ ထိပ်ဆုံးမှရပ်တည်နေကြောင်း သိရသည်။

တိုက်စစ်မှူး ဒမ်ဘီလီသည် ပီအက်စ်ဂျီအသင်းအတွက် ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံလိဂ်ဖလားရယူပေးနိုင်ခဲ့သကဲ့သို့ လီဂူးဝမ်းနှင့် ကိုပါဒယ်ရေးဖလားတို့ကိုပါ ရယူပေးနိုင်ခဲ့ခြင်းကြောင့် ဘာလွန်ဒီအောဆုရရှိနိုင်မည့်ကစားသမားစာရင်းတွင် ထိပ်ဆုံးမှရေပန်းစားနေခြင်းဖြစ်သည်။

ထို့ပြင် ဒမ်ဘီလီအနေဖြင့် ၂၀၂၅ ခုနှစ် နှစ်စပိုင်းတွင် ခြေစွမ်းပိုင်းပိုမိုကောင်းမွန်လာကာ နှစ်အစပွဲစဉ်ခြောက်ပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့ပြီး အဆိုပါကာလတွင် စတုဂတ်၊ ဘရက်စ်တို့အသင်းတို့နှင့် ပွဲစဉ်တွင်လည်း နှစ်ပွဲဆက် ဟတ်ထရစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

ယခုနှစ်တွင်ပေးအပ်မည့် ဘာလွန်ဒီအောဆုသည် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၃ ရက်အတွင်း ကစားခဲ့သည့် ကစားသမားများ၏ စွမ်းဆောင်ရည်ပေါ်မူတည်ကာ ပေးအပ်မည်ဖြစ်ပြီး ဒမ်ဘီလီအနေဖြင့် အဆိုပါဆုအတွက် ဆာလာ၊ အမ်ဘတ်ပီ၊ ယာမယ်၊ ရာဖင်ဟာတို့နှင့်အပြိုင် ရေပန်းစားနေခြင်းဖြစ်ကြောင်း သိရသည်။

*Ref; Fotmob*

## ချန်ပီယံလိဂ်ပွဲစဉ်တွင် အသင်းခေါင်းဆောင် ဒီလိုရန်ဇို အနီကတ်ပြသခံရခြင်းသည် ပွဲစဉ်တစ်ခုလုံးကို ပျက်စီးစေသည်ဟု နည်းပြကွန်တီ ပြောကြား

ရောမ စက်တင်ဘာ ၂၁

နာပိုလီအသင်းနည်းပြ ကွန်တီက မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် အသင်းခေါင်းဆောင် ဒီလိုရန်ဇို အနီကတ်ပြသခံရခြင်းသည် ပွဲစဉ်တစ်ခုလုံးကို ပျက်စီးစေသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

နာပိုလီအသင်းသည် စက်တင်ဘာလ ၁၉ ရက်က ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုးပြတ်ဖြင့်ရှုံးနိမ့်ပြီး အဆိုပါပွဲစဉ်ပွဲကစားချိန် ၂၁ မိနစ်တွင် နာပိုလီအသင်းခေါင်းဆောင် ဒီလိုရန်ဇိုသည် တိုက်ရိုက်အနီကတ်ပြသခံရပြီး ပွဲစဉ်အတွင်းမှ ထွက်ခွာခဲ့ရသည်။

အသင်းခေါင်းဆောင် ဒီလိုရန်ဇိုသည် မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းထံမှ ဘောလုံးကို ဖျက်ထုတ်ရန်ကြိုးပမ်းစဉ် တိုက်ရိုက်ထိခိုက်မိခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်ကို VAR မှ ပြန်လည်သုံးသပ်ပြီးနောက် ကွင်းလယ်ဒိုင်လူကြီးက တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအနီကတ်နှင့်ပတ်သက်၍ နာပိုလီအသင်းနည်းပြကွန်တီက "ရိုးသားစွာပြောရရင် ဒီဖြစ်စဉ်ကို ကျွန်တော်မမြင်ခဲ့ပါဘူး။ ပွဲချိန်အစောပိုင်းမှာ အသင်းတစ်သင်းက ကစားသမားတစ်ယောက် အနီကတ်ရသွားပြီဆိုရင် ပွဲရဲ့အဖြေက ပြောင်းလဲသွားပါလိမ့်မယ်။ ဒီအနီကတ်ကြောင့်ပဲ ပွဲစဉ်တစ်ခုလုံးပျက်စီးစေခဲ့ပါတယ်။ ဒိုင်လူကြီးဆုံးဖြတ်ချက်ကို ကျွန်တော်လက်ခံလိုက်ရပါတယ်"ဟု ပြောကြားခဲ့သည်။

နည်းပြကွန်တီအနေဖြင့် အသင်းခေါင်းဆောင် ဒီလိုရန်ဇို အနီကတ်ပြထုတ်ပယ်ခံရမှုကြောင့် နည်းဗျူဟာပိုင်းဆိုင်ရာ အပြောင်းအလဲပြုလုပ်မှုအဖြစ် ကွင်းလယ်ကစားသမား ဒီဘရိုင်းကို ပွဲချိန် ၂၆ မိနစ်တွင် ခံစစ်ကစားသမား အိုလီဗီရာနှင့်လူစားလဲခဲ့ပြီး ပွဲကစားချိန် ၅၆ မိနစ်တွင် မန်စီးတီးအသင်းတိုက်စစ်မှူးဟာလန်းက ဖိုဒန်၏ဖန်တီးပေးမှုမှတစ်ဆင့် အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ကာ ပွဲချိန် ၆၅ မိနစ်တွင် တောင်ပံကစားသမားဒိုကူက ဒုတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ပွဲပြီးဆုံးချိန်တွင် နာပိုလီအသင်းက ၂ ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။



**Ref; Fotmob**

## ဘာစီလိုနာအသင်းက တိုက်စစ်မှူးလီဝန်ဒေါစကီး၏နေရာ၌အစားထိုးရန် ဂျူဗင်တပ်စ်အသင်းတိုက်စစ်မှူး ဗလာဟိုဗစ်ကို စိတ်ဝင်စားနေ

ဘာစီလိုနာ စက်တင်ဘာ ၂၁

ဘာစီလိုနာအသင်းသည် တိုက်စစ်မှူး လီဝန်ဒေါစကီး၏နေရာ၌အစားထိုးရန် ဂျူဗင်တပ်စ်အသင်းတိုက်စစ်မှူး ဗလာဟိုဗစ်ကို စိတ်ဝင်စားနေကြောင်း သိရသည်။

အသက် ၃၇ နှစ်အရွယ် တိုက်စစ်မှူး လီဝန်ဒေါစကီးသည် ဘာစီလိုနာအသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ နောက်ဆုံးနှစ်သို့ရောက်ရှိနေပြီးဖြစ်ကာ ၎င်း၏နေရာ၌အစားထိုးရန် ဂျူဗင်တပ်စ်အသင်းနှင့် ဆားဘီးယားအသင်းတိုက်စစ်မှူး ဗလာဟိုဗစ်ကို လာမည့်ကစားသမားအပြောင်းအရွှေ့ကာလတွင်ခေါ်ယူနိုင်ရန် အဓိကပစ်မှတ်အဖြစ် စိတ်ဝင်စားနေကြောင်း သိရသည်။

ထို့ပြင် တိုက်စစ်မှူး ဗလာဟိုဗစ်သည် လာမည့် နွေရာသီတွင် ဂျူဗင်တပ်စ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် ၎င်းကို ဥရောပကလပ်အသင်းကြီးများကခေါ်ယူရန် စိတ်ဝင်စားနေခြင်းဖြစ်ကာ ဘဏ္ဍာရေးကန့်သတ်ချက်ရှိနေသည့် ဘာစီလိုနာအသင်းအနေဖြင့်လည်း တိုက်စစ်မှူး ဗလာဟိုဗစ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည်ဖြစ်သည့်အတွက် စိတ်ဝင်စားနေခြင်းဖြစ်သည်။

အသက် ၂၆ နှစ်အရွယ် တိုက်စစ်မှူး ဗလာဟိုဗစ်ကို ခေါ်ယူရန် စိတ်ဝင်စားနေသည့်အသင်းများတွင် ဘာစီလိုနာအသင်းအပြင် မန်ယူအသင်းနှင့် အေတီကိုအသင်းတို့ပါဝင်လာခဲ့ပြီး ဗလာဟိုဗစ်အနေဖြင့်လည်း ပရီးမီးယားလိဂ်မှ ကလပ်အသင်းတစ်သင်းသို့သာ ပြောင်းရွှေ့ကစားခွင့်ရရန် စိတ်ဝင်စားနေကာ တစ်နှစ်လုပ်ခလစာအသားတင် ယူရို ၁၀ သန်းရရှိရန်လည်း တောင်းဆိုထားသည်။

တိုက်စစ်မှူး ဗလာဟိုဗစ်သည် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက ဖီအိုရင်တီးနားအသင်းမှ ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး အသင်းနှင့်အတူ ဘောလုံးရာသီလေးရာသီကြာကစားခဲ့ပြီး လက်ရှိဘောလုံးရာသီတွင်လည်း အီတလီစီးရီးအေပွဲစဉ်လေးပွဲကစားထားရာ လေးဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်ထားနိုင်ခဲ့ကာ ဂျူဗင်တပ်စ်အသင်းတွင် အဓိကတိုက်စစ်မှူးတစ်ဦးအဖြစ် စွမ်းဆောင်ထားနိုင်ကြောင်း သိရသည်။

*Ref; Fabrizio Romano*

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၆၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၅၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၃၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၇၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၈ သန်းကျော် တင်ပို့ရန်လျာထား



**ရန်ကုန် စက်တင်ဘာ ၂၁**

ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၈ သန်းကျော် တင်ပို့ရန်လျာထားကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များ အသင်းမှ သိရသည်။

"ဒီဘဏ္ဍာနှစ်ထဲမှာ ပြည်ပကို ပဲမျိုးစုံ တန်ချိန် ၁ ဒသမ ၈ သန်းကျော်တင်ပို့ဖို့ လျာထားပြီး ပို့ကုန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံလောက် ရဖို့ မျှော်မှန်းထားပါတယ်။ ပြည်တွင်းက ထွက်ရှိတဲ့ ပဲမျိုးစုံကို အိန္ဒိယနိုင်ငံကို အဓိကတင်ပို့ပြီး တခြားပြည်ပနိုင်ငံတွေကိုလည်း တင်ပို့ပါတယ်။ ဈေးကွက်အသစ်ရှာဖွေတင်ပို့တာထက် ရှိပြီးသားဈေးကွက်ကို ပိုမိုတင်ပို့နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်" ဟု မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

ပြည်ပနိုင်ငံများသို့ ပဲမျိုးစုံတင်ပို့ရာတွင် မတ်ပဲကို အဓိကတင်ပို့နေပြီး ပဲတီစိမ်း၊ ပဲစင်းငုံအပါအဝင် ပဲအမျိုးအစားပေါင်း ၂၀ ကျော်ကို တင်ပို့နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ပဲမျိုးစုံကို အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့နေပြီး တရုတ်နိုင်ငံနှင့် ဥရောပဈေးကွက်များသို့ပါ တင်ပို့နေကြောင်း သိရသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်က မြန်မာပဲမျိုးစုံ တန်ချိန် ၂ ဒသမ ၁၄ သန်း တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

**ဝါဝါ**

# ညောင်ဦးမြို့နယ်၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**ညောင်ဦး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွားစောကျေးရွာအုပ်စု သူငွေးကန်ကျေးရွာ၌ ပထမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာလ ၂၀ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဦးက သူငွေးကန်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းအကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးညီညီဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၂၉ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သူငွေးကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးအတွက် ငွေကျပ် ၂၅ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦးအတွက် ငွေကျပ် ၁ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးအတွက် ငွေကျပ် ၂ ဒသမ ၄ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးအတွက် ငွေကျပ် သုည ဒသမ ၇၅ သန်း စုစုပေါင်းရန်ပုံငွေ ငွေကျပ် ၂၉ ဒသမ ၇ သန်းကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒူးရင်းတိုးချဲ့စိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်း



**မြိတ် စက်တင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ယခင်က ဒူးရင်းစိုက်ပျိုးရာတွင် ဒေသမျိုးများကိုသာ စိုက်ပျိုးလေ့ရှိပြီး လက်ရှိတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးပွားထုတ်လုပ်ထားသည့် မိကျောင်းခေါင်းမျိုး၊ ကန်ကလေး (၁)နှင့် ကန်ကလေး(၂) မျိုးများ စိုက်ပျိုးလျက်ရှိသည့်အပြင် မွန်ထောင်း၊ ဆူးမဲ၊ မူစံကင်းမျိုးများကို ပိုမိုတိုးချဲ့စိုက်ပျိုးလာကြရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယခုအခါ တနင်္သာရီတိုင်းဒေသကြီးအတွင်း မွန်ထောင်း၊ မိချောင်းခေါင်း၊ ချန်နီ၊ မူစံကင်း၊ ဖုန်မဏီစသည့်နိုင်ငံခြားဒူးရင်းမျိုးများကို ပိုမိုတိုးချဲ့စိုက်ပျိုးလုပ်ကိုင်လာကြပြီး မျိုးကောင်းမျိုးသန့်ဒူးရင်းရွေးချယ်ရာတွင် အသီးထွက်နှုန်းကောင်း၊ အိမ်မြှောကြီးပြီး အသားထူ အရသာကောင်း၍ စောစောသီးပွင့်သည့်ဒူးရင်းမျိုးများလည်း ရွေးချယ်စိုက်ပျိုးကြကြောင်း သိရသည်။

ဒူးရင်းကို မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးပြီး ပဲခူးတိုင်းဒေသကြီး ရွှေကျင်နှင့် ကျောက်ကြီးဒေသတို့၌လည်း အနည်းငယ်စိုက်ပျိုးကြကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ရော်ဘာ၊ ဆီအုန်း၊ ကော်ဖီ၊ ကိုကိုးစသည့် သီးနှံများအပြင် ဈေးကွက်ဝင်သီးနှံဖြစ်သော ဒူးရင်းစိုက်ပျိုးမှုမှာလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး၌ ဒူးရင်းစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် စိုက်ဧက ၁၀၅၄၃ ဧက၊ အသီးခူးဧက ၁၀၂၁၁ ဧကရှိပြီး တစ်ဧကပျမ်းမျှအထွက်နှုန်း ၄၄၅၇ လုံးခန့်ထွက်ရှိကာ ဒူးရင်းမျိုးကွဲအလိုက် စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ပြည်ပမျိုး ၂၀ ရာခိုင်နှုန်းနှင့် ဒေသမျိုး ၈၀ ရာခိုင်နှုန်းစိုက်ပျိုးထားခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ဒဂုံ(မြောက်ပိုင်း)မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုခြင်းအသိပညာပေးခြင်းနှင့်လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(မြောက်ပိုင်း)မြို့နယ်၌ ရွေးကောက်ပွဲတွင်အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ကို လက်တွေ့အသုံးပြုနိုင်ရန် မဲပေးစက်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အသိပညာပေးလုပ်ငန်းကို ရပ်ကွက်များအလိုက်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ ၂၁ ရက်တွင် အမှတ် (၄၁တိုးချဲ့)ရပ်ကွက် သန္တသုခသာသနာ့ဗိမာန်၌ နံနက် ၉ နာရီနှင့် မွန်းလွဲ ၁ နာရီတို့တွင် နှစ်ပိုင်းခွဲ၍ ဆောင်ရွက်သည်။

အဆိုပါအသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းလုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များတက်ရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများက မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)အသုံးပြုပုံနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ အမှတ်(၄၁တိုးချဲ့)ရပ်ကွက် မဲဆန္ဒရှင်ပြည်သူ ၃၀၀ ဦးက မဲပေးစက်အသုံးပြု၍ မဲပေးပုံစနစ်များအား လေ့လာခဲ့ပြီး လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။



**(၂၈၅)**


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
E - Top up ဖုန်းငွေဖြည့်သွင်းခြင်း
ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း
လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း
ပြည်ပ ငွေလွှဲ (ထိုင်း)
Gift Card ပေးခြင်း
ဈေးဝယ်ခြင်း
Internet Bill ပေးဆောင်ခြင်း
အောင်ဘာလေအွန်လိုင်းထီထိုးခြင်း
Myanmar MOBILE MONEY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
အငြိမ်းစား လစာ အပါအဝင်
ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို
ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
NAYPYITAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


MYAWADDY BANK LIMITED
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
24 ~ (01) 2301421, 2317166
MPU
UnionPay
Phone No : (01) 2301367, 2301368, 2301452, 2301378
Internet & Mobile Banking Services
Account Transfer
Mobile Topup ( Phone Bill )
Cardless ATM Withdrawl
Remittance
Credit Card Payment
Tax Payment
"မှန်သည် မြန်သည် မြဝတီ"


မန္တလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ရွှေမန်းသူ
09-254781060
ပါရမီ(YBS)
09-459448201
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု
မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

❖ မိမိတို့နိုင်ငံသည် အခြေခံအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကထား လုပ်ဆောင် . . .

❖ မိမိတို့နိုင်ငံသည် သဘာဝမှပေးထားသည့် ရာသီဥတုနှင့်မြေအနေအထား၊ တည်နေရာအနေအထားအရ စိုက်ပျိုးရေးလုပ်ငန်းများနှင့်မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းနိုင်သည့် နိုင်ငံဖြစ် . . .

(ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး ( ၁/၂၀၂၅) တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တိုင်းဒေသကြီးနှင့်ပြည်နယ် ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီးအသင်း တံခွန်စိုက်ဆုဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၂၁

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် (၄၈)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက တံခွန်စိုက်ဆုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာကော်မတီနာယက **စာမျက်နှာ ၂၆ ကော်လံ ၁ ⊃**

စာမျက်နှာ ၂၆ ကော်လံ ၁




## တနင်္ဂနွေနေ့ ဘောလုံးပွဲရလဒ်များ

### အင်္ဂလန်ပရီးမီးယားလိဂ်

| | | |
|---|---|---|
| ဖူဟမ် | ၃-၁ | ဘရန့်ဖို့ |
| ဘုန်းမောက် | ၀-၀ | နယူးကာဆယ် |
| ဆန်းဒါးလန်း | ၁-၁ | ဗီလာ |
| အာဆင်နယ် | ၁-၁ | မန်စီးတီး |

### စပိန်လာလီဂါ

| | | |
|---|---|---|
| ဗလင်စီယာ | ၂-၀ | အက်သလက်တစ် |
| ဗယ်လက်ကာနို | ၁-၁ | ဆဲလ်တာဗီဂို |
| မာယော့ကာ | ၁-၁ | အက်သလက်တီကို |

### ဂျာမန်ဘွန်ဒက်လီဂါ

| | | |
|---|---|---|
| ဖရန့်ဖတ် | ၃-၄ | ယူနီယံဘာလင် |
| လေဗာကူဆင် | ၁-၁ | ဂလာဘတ် |

### အီတလီစီးရီးအေ

| | | |
|---|---|---|
| အူဒီးနီးစ် | ၀-၃ | အေစီမီလန် |
| လာဇီယို | ၀-၁ | ရိုးမား |
| တိုရီနို | ၀-၃ | အတ္တလန္တာ |

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၂၁

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း(Low Pressure Area)တစ်ခုဖြစ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## နိုင်ငံတကာသတင်း

**ပြည်တွင်းဥပဒေကို ကမ္ဘောဒီးယားပြည်သူများအပေါ် ကျင့်သုံးသည်ဟူသော ကမ္ဘောဒီးယား၏ပြောဆိုမှုကို ထိုင်းတပ်မတော်ကငြင်းဆို**

စာ - ၂၃ သို့

**အလွန်အားပြင်းမုန်တိုင်းနီးကပ်လာသည့်အတွက် ဖိလစ်ပိုင်၌ ရွှေ့ပြောင်းကယ်ဆယ်ရေးလုပ်**

စာ - ၂၃ သို့

# Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲများကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group(MMAG) တို့ပူးပေါင်းစီစဉ်ပြီး မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ အဓိကပံ့ပိုးကူညီကျင်းပသည့် Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူအားကစားရုံ၌ ကျင်းပသည်။

**စာမျက်နှာ ၁၁ ကော်လံ ၄ ○**



